www.burmeseclassic.com

IDFဘာဝတန်ဖိုးစာစဉ်အမှတ်(၄)

Dhamma

# သံဃာတော်များနှင့် ပြောဆိုဆက်ဆံနည်း

ဆွမ်း၊ ဆေး၊ သင်္ကန်း၊ ကျောင်း၊ နဝကမ္မဝတ္ထုများကို
ဝိနည်းတော်နှင့်အညီ လှူဒါန်းနည်းများကို ဖော်ပြထားပါသည်။

## ဓမ္မစက္က ဦးမောင်မောင်

အပြည်ပြည်ဆိုင်ရာ ဓမ္မစက္ကဖောင်ဒေးရှင်း(I.D.F)
စီစဉ်ပြုစုပူဇော်ပါသည်။

- ဝိနည်းစည်းကမ်းသည်
  သာသနာတော်၏ အသက်ဖြစ်၏။
- သံဃာတော်များကို
  ဝိနည်းတော်နှင့်အညီ ပြောဆိုဆက်ဆံ
  လှူဒါန်းတတ်မှ
  ဆရာ၊ ဒကာ အကျိုးရှိပြီး
  သာသနာတော်ကြီးသည်လည်း
  သန့်ရှင်းစင်ကြယ်စွာ
  တိုးတက်ထွန်းကားပြန့်ပွားနိုင်ပေမည်။
- ထို့အတွက်
  ကျွန်ုပ်တို့အားလုံး
  ကျင့်သုံးစောင့်ထိမ်းကြရန်
  သာသနာ့တာဝန်ရှိကြပါသည်။

BURMESE CLASSIC

IDF
DHAMMADANA PROJECT
P.O BOX 191,C.P.O. YANGON, MYANMAR.
DHAMMA BEAMS PUBLISHING HOUSE မှ ထုတ်ဝေဖြန့်ချိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဝိနည်းစည်းကမ်းသည်သာသနာတော်၏အသက်ဖြစ်သည်။

မြတ်ဗုဒ္ဓသာသနာတော်ကြီး
သန့်ရှင်းစင်ကြယ်စွာထွန်းကားပြန့်ပွား
တည်တံ့ရေးအတွက်
ကျွန်ုပ်တို့အားလုံးသာသနာ့တာဝန်ကို
ကူညီထမ်းရွက်ကျင့်ဆောင်ကြပါစို့။

သို့

..............

ကုသိုလ်စစ်ဖြင့်ကောင်းကျိုးဖြစ်စေရန်

– ဓမ္မလက်ဆောင်မွန် –

မှ

....................



ဓမ္မပြန့်ပွားရေးအထူးနှုန်း (၃၀၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

(ရှုပိုင်)

**အပြည်ပြည်ဆိုင်ရာဓမ္မစက္ကဖောင်ဒေးရှင်း (I.D.F)**
International Dhammacakka Foundation
မြတ်ဗုဒ္ဓအဘိဓမ္မာနှင့်ဝိပဿနာပြန့်ပွားရေးတရားအလှူတော်လုပ်ငန်း
စာတိုက်သေတ္တာအမှတ်-၁၉၁၊ ဗဟိုစာတိုက်ကြီး ရန်ကုန်မြို့

ဓမ္မဒါနလှူဒါန်းလိုသူများနှင့်စာကြည့်တိုက်များအတွက်
အထူးနှုန်း ၂၅ % လျှော့ပေးပါမည်။

ရှာမရ၊ ဝယ်မရလျှင်ဆက်သွယ်မှာကြားရန်။

ဓမ္မရောင်ခြည်စာပေတိုက် (မှတ်ပုံတင်အမှတ်-၁၁၅၇)
အမှတ်(၅၂၇/A)၊ မာဃ(၄)လမ်း၊ ၁၂ ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၂၇၃၃၀
**E-mail ; idf@sailormoon.com**

၂၀၁၇ (၀၀၄)

www.burmeseclassic.com

အပြည်ပြည်ဆိုင်ရာဓမ္မစကြာဖောင်ဒေးရှင်း(I.D.F)

ဘဝတန်ဖိုးစာစဉ်အမှတ် ◈ ၄

# သံဃာတော်များနှင့်ပြောဆိုဆက်ဆံနည်း

BURMESE CLASSIC

- ဆွမ်း၊ ဆေး၊ သင်္ကန်း၊ ကျောင်း၊
နဝကမ္မဝတ္ထုများကို ဝိနည်းတော်နှင့်အညီ
လှူဒါန်းနည်းများကို ဖော်ပြထားပါသည်။

[ဓမ္မဝိရုဠှီဂျာနယ်ပါအခန်းဆက်ဆောင်းပါးများ]

ဓမ္မစကြာဦးမောင်မောင်
အပြည်ပြည်ဆိုင်ရာဓမ္မစကြာဖောင်ဒေးရှင်း(I.D.F)
စီစဉ်ပြုစုပူဇော်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ပူဇော်ကန်တော့လျှာ

ဂန္ထဓုရ၊ ဝိပဿနာဓုရနှစ်ဖြာသော
အကျင့်မြတ်ဖြင့်သာသနာတော်ကြီးကို
စောင့်ရှောက်တော်မူကြကုန်သော...
သံဃာတော်အရှင်မြတ်အပေါင်းတို့နှင့်
တကွ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ
အပေါင်းတို့ကိုဤစာအုပ်ဖြင့်ရိုသေလေးစား
စွာပူဇော်ကန်တော့ပါ၏။

မောင်မောင် ( ဓမ္မဓဏ္ဍာ )

BURMESE CLASSIC

## ပုံနှိပ်ထုတ်ဝေမှုမှတ်တမ်း


ဘာသာရေးဆိုင်ရာစာမူခွင့်ပြုချက်အမှတ် - ၃၂၀၉၀၃၀၆၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၀၈၅၀၂၀၇
မျက်နှာဖုံးဒီဇိုင်း - ကိုနေဝင်းအောင်
ကွန်ပျူတာစာစီ - G-Link & I.D.F
ထုတ်ဝေသူ - ဦးတင်လှိုင် (၁၁၅၇/၀၇)
မွေ့ရောင်ခြည်စာပေတိုက်
အတွင်းပုံနှိပ်သူ - ဦးကျော်ယဉ် (၀၇၈၄၃)
ဇမ္ဗူမော်အော့ဖ်ဆက်
၁၈၂၊ ၂၉လမ်း၊ ပန်းဘဲတန်း၊ ရန်ကုန်မြို့။
မျက်နှာဖုံးပုံနှိပ်သူ - ဦးတင်အောင်ကျော် (၀၇၀၅၃)
စွယ်တော်ပုံနှိပ်တိုက်
၈၅၊ ၅၆ လမ်း၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။
၂၀၀၇ခုနှစ်၊ ဧပြီလ (ပထမအကြိမ်) အုပ်ရေ ၂၀၀၀
တန်ဖိုး - ၄၀၀ ကျပ်။


www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

॥ नमो तस्स भगवतो अरहतो सम्मासम्बुद्धस्स॥

නමො තස්ස භගවතො අරහතො සම්මාසම්බුද්ධස්ස

นโม ตสฺส ภควโต อรหโต สมฺมาสมฺพุทฺธสฺส

Namo tassa bhagavato arahato sammāsambuddhassa

# သံဃာတော်များနှင့်ပြောဆိုဆက်ဆံနည်း

## (ဓမ္မဓရဦးမောင်မောင်)

## မာတိကာ


| စဉ် | | စာမျက်နှာ |
|---|---|---|
| ၁။ | ဓမ္မစကားဦး | ၇ |
| ၂။ | ရဟန်းသံဃာတော်များနှင့်တွေ့ဆုံခြင်း | ၁၁ |
| ၃။ | ဆွမ်းအလှူပင့်ဖိတ်ခြင်း | ၁၆ |
| ၄။ | လှူဖွယ်ပစ္စည်းနှင့်သုံးစွဲအပ်သော ကာလ အပိုင်းအခြား(ကာလိက(၄)မျိုး) | ၁၈ |
| ၅။ | လှူဒါန်းရာတွင် သတိပြုရန် | ၂၂ |
| ၆။ | သန္နိဓိဖြစ်ခြင်း။ | ၂၄ |
| ၇။ | အကပ်မြောက်ခြင်းနှင့်အကပ်ပျက်ခြင်း။ | ၂၅ |
| ၈။ | ဆွမ်းစားစဉ်ပဝါရိတ်သင့်ခြင်း။ | ၃၂ |
| ၉။ | ကပ္ပိခြင်း။ | ၃၃ |


www.burmeseclassic.com

www.burmeseclassic.com


၁၀။ သက်နီးလှူဒါန်းခြင်း ၃၅
၁၁။ ကျောင်းကိုအပ်စပ်အောင်လှူဒါန်းခြင်း ၃၉
၁၂။ ဘုရားစေတီတည်ခြင်း ၄၁
၁၃။ (နဝကမ္မ) ငွေကြေးလှူဒါန်းခြင်း ၄၄
၁၄။ ကပ္ပိယမရှိသောအခါလှူဒါန်းပုံ ၄၇
၁၅။ ကပ္ပိယကောင်းတစ်ယောက် ၄၈
၁၆။ နောက်ဆက်တွဲများ
(၁) ဘုန်းကြီးအာပတ်သင့်မိတာကိုအပြစ် မတင်ပါနဲ့ ၄၉
(၂) ဘုန်းကြီးကျောင်းတွင်စားသောက်ခြင်း နှင့်အိပ်စက်ခြင်း ၅၂
(၃) ကုလဒူသနအမှုနှင့် မိစ္ဆာဇီဝ ၅၅
(၄) မလှူဒါန်းအပ်သော အလှူဒါနများ ၅၈
(၅) အထွေထွေသတိပြုရန် ၆၀
၁၇။ နိဂုံးချုပ်( ၁၀ထာ ၆၂
(သာသန ...ဟာ်တွင်းပုဂ္ဂိုလ်သန့်ရှင်းရေး)


ထေရဝါဒမြတ်ဗုဒ္ဓအဆုံးအမများ ရှုရင်းအတိုင်း ထွန်းကားပြန့်ပွားစေရန် ကျွန်ုပ်တို့အားလုံးတွင် သာသနာ့တာဝန် ကိုယ်စီရှိကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဓမ္မစကားဦး

**ဤစာအုပ်**သည် ယနေ့ခေတ်လူငယ်များကိုသာမက လူလတ်ပိုင်း၊ လူကြီးပိုင်းအရွယ်များကိုပါရည်ရွယ်ပါသည်။

ယနေ့ခေတ်လူအများစုမှာ စားဝတ်နေရေး၊ စီးပွားရေး၊ ကြီးပွားရေးဖက်တွင်အချိန်ကုန်မှုများနေကြ၏။ ဘုရားတက်၊ တရားနာ၊ပုတီးစိပ်၊ပရိတ်ရွတ်စသော ဘာသာရေးလုပ်ငန်းများကို အခါအားလျော်စွာလုပ်ဆောင်နေကြသော်လည်း ရဟန်းသံဃာတော်များနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံပြောဆိုမှု နည်းပါးလာကြသည်။

သာရေး၊ နာရေးအလှူအတန်း ၊အကြောင်းကိစ္စပေါ်လာ၍ ရဟန်းသံဃာတော်တို့ထံ ပင့်လျှောက်ရန်သွားသောအခါနှင့်အိမ်သို့ကြွလာသောဘုန်းတော်ကြီးနှင့်စကားပြောရသည်မှာ **ကျွန်တော်တစ်ခွန်း၊ မှန်ပါတစ်ခွန်း၊ ဟုတ်ကဲ့တစ်ခွန်း**နှင့် စကားဂျွမ်းပြန်နေတော့သည်။

"ထိုပြင်ဗုဒ္ဓသာသနာတော်၏ ဝိနည်းစည်းကမ်းများကို မသိနားမလည်သဖြင့် ရဟန်းသံဃာတော်နှင့်မအပ်စပ် မသင့်လျော်သောအပြုအမူတို့ကို ဆောင်ရွက်မိသောအခါ ရဟန်းတော်တို့မှာ ဝိနည်းသိက္ခာပုဒ်အရ အခက်အခဲ ပြဿနာဖြစ်ရပါတော့သည်။" ထို့ကြောင့်ပင် **တပည့်လိမ္မာ ဆရာအာပတ်လွတ်**ဟူသောစကားရပ်ပေါ်ပေါက်ခဲ့ရခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

မြတ်ဗုဒ္ဓသာသနာတော်ကြီးသည် ယနေ့ခေတ်အချိန် အခါတိုင်နှစ်ပေါင်း ၂၆၀၀ နီးပါးထိတည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းခဲ့ရသောခရီးလမ်းကြောင်းမှာ အစစအရာရာ လွယ်ကူအဆင်ပြေချောမောလှသည်တော့မဟုတ်ချေ။

ဝိနည်းသိက္ခာပုဒ်တော်များကို ပေါ့လျော့ခြင်း၊ ပြင်ဆင်ခြင်း၊ဖောက်ဖျက်ကျူးလွန်ခြင်း စသောသာသနာ့ အန္တရာယ်များကိုတွန်းလှန်ကာကွယ်နိုင်ရန် သင်္ဂါယနာများ အကြိမ်ကြိမ်တင်၍ အတည်ပြုမှတ်တမ်းတင်ခဲ့ကြရသည်။

ဘာသာခြားမင်းများ၏ ဖိနှိပ်သတ်ဖြတ်မှုကြောင့် မူရင်း အိန္ဒိယနိုင်ငံတွင်ပင် ဗုဒ္ဓဘာသာသည်ကွယ်ပျောက်ခဲ့ရသည်။

ဗုဒ္ဓဘာသာအတွင်း၌ပင် ဂိုဏ်းဂဏအယူဝါဒအသီးသီး ကွဲပြားလာမှုကြောင့် မြတ်ဗုဒ္ဓဒေသနာတော်ကို မူရင်းမပျက် ထိန်းသိမ်းထားနိုင်ရန် ထေရဝါဒရဟန်းတော်တို့သည် ခေတ်အဆက်ဆက်အပင်ပန်းခံအဆင်းရဲခံကာစောင့်ရှောက် ထိန်းသိမ်းလာခဲ့ကြရသည်။

မြတ်ဗုဒ္ဓချမှတ်လမ်းညွှန်ခဲ့သော ဝိနည်းသိက္ခာပုဒ်တော် များသည် သာသနာတော်၏ အသက်(ပင်မ)ပင်ဖြစ်သည်။ "သာသနာတော်အရှည်တည်တံ့စေရေးအကြောင်းရင်း"လည်း ဖြစ်သည်။ တနည်းအားဖြင့် ဝိနည်းကျင့်ဝတ်သိက္ခာသည် သူတော်ကောင်းတို့၏ အဆင်တန်ဆာသဖွယ်ဖြစ်ပါသည်။

ဝိနည်းစည်းကမ်းဟူသမျှသည် မဖြစ်နိုင်၊ မလုပ်နိုင်သည် ကို သတ်မှတ်ခဲ့ခြင်းမျိုးမဟုတ်ပဲ၊ ဗုဒ္ဓဝါဒ၏ပန်းတိုင်ဖြစ်သော နိဗ္ဗာနသို့ မျက်မှောက်ပြုနိုင်ရေးအတွက် လောကီ

www.burmeseclassic.com

www.burmeseclassic.com

အနှောင့်အယှက်များကို တားမြစ်နိုင်စေရန် အမျှော်အမြင်ကြီးမားစွာဖြင့် ဆောင်ရွက်ခဲ့သော မြတ်ဗုဒ္ဓ၏ပြီးပြည့်စုံသည့် ဂရုဏာတော်သာဖြစ်ပါသည်။

ထို့ကြောင့် ဘုရားရှင်လက်ထက်တော်မှစ၍ ယနေ့တိုင်အောင် လပြည့်လကွယ်နေ့တိုင်း၌ ဝိနည်း၊သိက္ခာပုဒ်တော်တို့ကို ရဟန်းတော်တစ်ပါးက ရွတ်ဆိုသတိပေးသော အာဏာပါတိမောက်ပြခြင်းကိုပြုကြသည်။ ဥပုသ်ပြုကြသည်။

ယနေ့ခေတ်အခါလို သာသနာတော်ကြီးသန့်ရှင်းစင်ကြယ်စွာ ထွန်းကားပြန့်ပွားရေးအတွက် ဆောင်ရွက်နေကြချိန်တွင် သာသနာ့တာဝန်ကိုထမ်းဆောင်နေကြသည့် သာသနာ့ဝန်ထမ်းရဟန်းသံဃာတော်များကို ထောက်ပံ့အားပေးကူညီကြရမည်မှာ ဗုဒ္ဓဘာသာဝင်အားလုံးတို့၏အဓိကတာဝန်တစ်ရပ်ပင်ဖြစ်ပေသည်။

ထိုကဲ့သို့ ဘဝသံသရာကံမျိုး စေ့အတွက် လယ်ယာမြေကောင်း သဖွယ်ဖြစ်သောသံဃာတော်တို့နှင့် ဆက်ဆံလျှဒါန်းကြရာတွင် ဝိနည်းသာသနာကိုဖျက်ဆီးသည့်သဘောမသက်ရောက်စေပဲ သာသနာပြုအလှူတော်ကို စနစ်တကျမှန်မှန်ကန်ကန် ဝိနည်းတော်နှင့်အညီ ဆောင်ရွက်လှူဒါန်းခြင်းဖြင့် ဆရာ–ဒကာ အပြစ်ကင်းသောကုသိုလ်အကျိုးကိုရရှိကြစေရန်ရည်ရွယ်၍ ဤစာအုပ်ကိုရေးသားရပါသည်။

**နေမဏ္ဍာဖြင့်**

**ဓမ္မစကြာဦးမောင်မောင်**

www.burmeseclassic.com

www.burmeseclassic.com

# အပြည်ပြည်ဆိုင်ရာဓမ္မစက္ကဖောင်ဒေးရှင်း (IDF)

## ဓမ္မရောင်ခြည်စာပေတိုက်မှထုတ်ဝေသည့်ဓမ္မစာအုပ်များ

(ဓမ္မစက္ကဦးမောင်မောင်စီစဉ်ပူဇော်သည်။)

၁။ (လက်တွေ့)သုဒ္ဓဝိပဿနာရှုမှတ်နည်းနှင့် သိပ္ပံနည်းကျ သဘာဝဓမ္မသုတေသနစာတမ်းများ (အလိုတော်ပြည့်ဆရာတော်ဘုရားကြီး၏ဩဝါဒ အမှာစာနှင့်အတူ. . . ) ၈၅၀/-

၂။ (လက်တွေ့)အာနာပါနရှုမှတ်နည်းနှင့် သဘာဝဓမ္မ သုတေသနအတွေးအမြင်များ ၆၀၀/-

၃။ *What is Buddhism?* 'ဗုဒ္ဓဝါဒဆိုတာဘာလဲ' (အင်္ဂလိပ်-မြန်မာ) ၄၀၀/-

၄။ သံဃာတော်များနှင့်ပြောဆိုဆက်ဆံနည်း ၄၀၀/-

၅။ ဝိပဿနာတရားကိုအခြေခံမှစတင်ရှုမှတ်လိုသူများ၊ ကင်ဆာ၊ AIDS နှင့်နာတာရှည်ရောဂါဝေဒနာရှင်များ သက်ကြီးရွယ်အိုများအတွက် **'၁၅မိနစ် တရားရှုမှတ်နည်း'** (ရိုက်နှိပ်ဆဲ) ၆၀၀/-

၆။ **'ဓမ္မရသစာစုများ'** အမှတ်(၁) (ရိုက်နှိပ်ဆဲ) ၂၀၀/-

**IDF**တရားအလှူတော်လုပ်ငန်းရံပုံငွေအဖြစ်
**ဓမ္မရသစာစုများ**
စာစောင်ကိုလစဉ်ထုတ်ဝေပါမည်။
သာသနာပြုရံပုံငွေကုသိုလ်အဖြစ်ဓမ္မဒါနဝယ်ယူလှူဒါန်းလိုသူများ
၁၀-စောင်နှင့်အထက်မှာယူပါကစရိတ်ငြိမ်းပို့ပေးပါမည်။

www.burmeseclassic.com

www.burmeseclassic.com



# ရဟန်းသံဃာတော်များနှင့် တွေ့ဆုံခြင်း

**ရဟန်း**သံဃာတော်များထံ ဖူးမျှော်တွေ့ဆုံရန်သွားရောက်သည့်အခါ အဝတ်အစားများကိုသန့်ရှင်းသပ်ရပ်စွာဝတ်ဆင်သင့်ပါသည်။ မိန်းမပျိုများသည် အင်္ကျီပါး၊ အင်္ကျီလက်တို၊ စကပ်တို၊ ဘောင်းဘီတို၊ စကပ်ကွဲ၊ ထဘီကွဲများနှင့် မလုံမခြုံဝတ်ဆင်၍ သံဃာတော်များနှင့်မတွေ့ဆုံသင့်ပါ။ ရဟန်းတော်တို့၏ သီလ၊ သမာဓိ၊ သိက္ခာကိုစော်ကားဖျက်ဆီးရာရောက်၍ အပြစ်ဖြစ်ပါသည်။

ဘုန်းကြီးကျောင်းသို့ရောက်သောအခါ ဘုရားဆင်းတုတော်များကိုဦးစွာရှိခိုးဦးချပြီးမှ ဘုန်းတော်ကြီးကိုရှိခိုးဦးချပါ။

ရှိခိုးသောအခါ အမျိုးသားများသည် ဆောင့်ကြောင့်ထိုင်၍ (သို့မဟုတ်) ဒူးတုတ်၍ထိုင်ပါ။ ဝလွန်းသူများခြေလွှဲထိုင်ပါ။ အမျိုးသမီးများသည် ကြို့ကြို့ထိုင်ပါ။

တံတောင်နှစ်ဖက်ကို ဒူးနှစ်ဖက်ပေါ်တင်၍လက်ဝါးနှစ်ဖက်ကို ညီညီညာညာကြာဖူးကဲ့သို့ပူးကပ်ကာ နဖူးတွင်ထိကပ်ထားပါ။ (ဆောင့်ကြောင့်မထိုင်သူများသည် ဒူးပေါ်တံတောင်တင်ရန်မလိုပဲ လက်အုပ်ချီနည်းအတိုင်းပြုလုပ်ထားပါ။)

ပထမအကြိမ် ''ဗုဒ္ဓံ ပူဇေမိ'' ( မြတ်စွာဘုရားရှင်ကို ရည်မှတ် ပူဇော်ပါ၏)ဟူ၍စိတ်ထဲမှနှုတ်သွင်းကာ ထိခြင်းငါးပါးနှင့်အညီ အသာအယာရှိခိုးဦးချပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအကြိမ် "ဓမ္မံပူဇေမိ" (တရားတော်မြတ်ကို ရည်မှတ်ပူဇော်ပါ၏) ဟူ၍နှလုံးသွင်းဦးချပါ။

တတိယအကြိမ် "သံဃံပူဇေမိ" (သံဃာတော်မြတ်ကို ရည်မှတ်ပူဇော်ပါ၏) ဟူ၍နှလုံးသွင်းဦးချပါ။

## ထိခြင်းငါးပါးနှင့်ရှိခိုးဦးချပုံ



ရှိခိုးကန်တော့သူ၏အောက်တွင် ရှိသော မြေကြီး၊ ဖျာ၊ ကော်ဇော၊ ကြမ်းပြင် စသည်တို့နှင့် ရှိခိုးသူ၏ ခြေဖျား၊ လက်ဖဝါး၊ ဒူးနှစ်ဖက်၊ တံတောင်နှစ်ဖက်နှင့် နဖူးဟူသော အင်္ဂါငါးမျိုးတို့ဖြင့်ထိကပ်အောင်ဝပ်တွား၍ ရှိခိုးဦးချခြင်း ဖြစ်သည်။

(ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာမည်သူ့ကို ရှိခိုးကန်တော့သည်ဖြစ်စေ ထိခြင်းငါးပါးနှင့်အညီ ရိုသေလေးမြတ်စွာ ရှိခိုးဦးချရပါမည်။)

အလွန်လေးစားရိုသေအပ်သော ဆရာတော်ကြီးများကို ရှိခိုးပြီး၍ ပြန်ရန်ထသောအခါ ချက်ချင်းမျက်နှာလှည့်၍ မပြန်ပဲ လက်အုပ်ချီလျက် နောက်ဖက်သို့ နှစ်လှမ်းသုံးလှမ်းမျှဆုတ်ကာ ဂါရဝအမူအယာပြုပြီးမှလှည့်ပြန်ခြင်းဖြင့် ရိုသေလေးစားမှုကိုပြုရပါမည်။

www.burmeseclassic.com

www.burmeseclassic.com



## စကားပြောဆိုရာ၌ ကျ သင့်သောအချက်များ

**ရဟန်းတော်**များနှင့် ပြောဆိုသောအခါ မိမိကိုယ်ကို ရည်ညွှန်းလျှင် "တပည့်တော်" "ဘုရားတပည့်တော်" ဟူ၍ သုံးနှုန်းပြောဆိုရပါမည်။ "ကျွန်တော်၊ ကျွန်မတို့က၊ ငါက" စသည့်လူအချင်းချင်းသုံးသည့်စကားဝေါဟာရဖြင့် မပြောဆိုရပါ။

ရဟန်းသံဃာကို ရည်ညွှန်းလိုလျှင် "အရှင်ဘုရား" "ဆရာတော်ဘုရား" "ဦးပဉ္စင်းဘုရား" စသည်ဖြင့် ယဉ်ကျေးစွာခေါ်ဝေါ်သုံးနှုန်းရမည်။

"ဘဘုန်းဘုန်း" "ဖေကြီးဘုရား" "အဖိုးဘုန်းဘုန်း" "ဦးကြီး" "အစ်ကိုကြီး" စသည်ဖြင့် လောကီအသုံးအနှုန်းဖြင့် ရောယှက်ကာခေါ်ဝေါ်ခြင်းမပြုအပ်ပေ။

ရဟန်းတော်များကလည်း "ဒါယကာကြီး" "ဒါယကာမကြီး" "ဒကာကြီး" "ဒကာလေး" "ဒကာမကြီး" စသည့်သာသနာတော်သုံးဝေါဟာရများဖြင့်သာခေါ်ဝေါ်သင့်ပြီး "အစ်ကို" "အစ်မ" "ညီလေး" "ညီမ" "အဖေ" "အမေ" "အဖိုး" "အဖွား" ဟူ၍ မခေါ်ဝေါ်သင့်ပါ။

မိမိကိုယ်ကိုလည်း "ဘုန်းကြီးတို့" "ဦးပဉ္စင်းတို့" "ဆရာတို့" ဟူ၍သာ သုံးနှုန်းသင့်ပါသည်။ "ကျုပ်တို့" "ငါတို့" "ကျွန်တော်တို့" ဟူသော အရပ်သုံးစကားဖြင့် မသုံးသင့်ပါ။

www.burmeseclassic.com

www.burmeseclassic.com



## ဥပမာမေးလျှောက်ကြပုံ

လူပုဂ္ဂိုလ် ။ ။ ဦးပဥ္စင်းဘုရား.... အရှင်ဘုရားတို့ကျောင်းတိုက်မှာ သံဃာတော်ဘယ်နှစ်ပါးသီတင်းသုံးကြပါသလဲဘုရား။ ဆွမ်းကွမ်းကော လုံလောက်မှုတကြပါရဲ့လားဘုရား''

ရဟန်းတော်။ ။ အင်း... ဦးပဥ္စင်းတို့ ကျောင်းမှာ စာသင်သံဃာတော်အပါး ၅၀ လောက်ရှိပါတယ်။ ဒကာကြီးတို့လို လစဉ်ဆွမ်းအလှူရှင်တွေရဲ့ စေတနာသဒ္ဓါတရားကြောင့် ဆွမ်းကွမ်းပြည့်စုံမှုတကြပါတယ်။

လူပုဂ္ဂိုလ် ။ ။ အရှင်ဘုရားကို တပည့်တော်ပစ္စည်းလေးပါးဒါယိကာခံဖို့ဖိတ်ကြားပါတယ်ဘုရား။

ရဟန်းတော်။ ။ ကောင်းပါပြီဒကာကြီး၊ အလိုရှိတဲ့အခါဦးပဥ္စင်းပြောပါ့မယ်။

www.burmeseclassic.com

www.burmeseclassic.com



## သာသနာတော်ဆိုင်ရာ အသုံးအနှုန်းများ

သံဃာတော်ကိုပင့်လိုလျှင် ''ကြွတော်မူပါဘုရား''
ပြောစေလိုလျှင် ''အမိန့်ရှိတော်မူပါဘုရား''
စားစေလိုလျှင် ''ဆွမ်းဘုဉ်းပေးတော်မူပါဘုရား''
ခေတ္တရပ်စေလိုလျှင် ''ရပ်တော်မူပါဦးဘုရား''
ထိုင်စေလိုလျှင် =''ထိုင်တော်မူပါဦး ဘုရား''
ဖိတ်ခေါ်သည် = ပင့်လျှောက်သည်။
ရဟန်းတော်နှင့်အပ်စပ်အောင်(ဝိနည်းနှင့်အညီသုံးစွဲနိုင်အောင် ပြုလုပ်သည်) = ကပ္ပိသည်။
လမ်းလျှောက်သည် = စင်္ကြံလျှောက်သည်။
နေထိုင်သည် = သီတင်းသုံးသည်။
သွားသည် = ကြွသည်။
စားသည် = ဘုဉ်းပေးသည်။
အိပ်သည် = ကျိန်းသည်။
စာကျက်သည် = စာအံသည်။
အပြစ်ကိုဝန်ခံပြုပြင်သည် = အာပတ်ဖြေသည်။
ဘုရားရှင်ချမှတ်ထားသောစည်းကမ်း = ဝိနည်း
ထမင်း = ဆွမ်း
ဟင်း = ဆွမ်းဟင်း
မုန့်ဟင်းခါး = မုန့်ဟင်းခါးဆွမ်း
ကောက်ညှင်း = ကောက်ညှင်းဆွမ်း
(ချက်ပြုတ်ပြုပြင်ထားသောအစားအစာမှန်သမျှဆွမ်းဖြစ်ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com



## ဆွမ်း၊ ဆေး၊ သင်္ကန်း၊ ကျောင်းပစ္စည်း ၄ ပါး နှင့်နဝကမ္မဝတ္ထုလှူဒါန်းနည်းများ

# ဆွမ်းအလှူပင့်ဖိတ်ခြင်း

### မအပ်သောပင့်ဖိတ်နည်း

သံဃာတော် ၄ ပါး၊ ၅ ပါးစသည်ရှိလျှင် ဂိုဏ်းဟုခေါ်ပါသည်။ ယခုခေတ်ဆွမ်းစားပင့်ရာတွင် ၅ ပါးပင့်သည်က များ၍ ဝိနည်းနှင့်ညီညွတ်အောင် အထူးသတိထားဖိတ်ကြားရပါမည်။

ဆွမ်းစားပင့်ရာတွင် "ထမင်းစားဖိတ်ပါတယ်ဘုရား"
"ဒန်ပေါက်ထမင်းဘုဉ်းပေးဖို့ကြွတော်မူပါဘုရား"
"မုန့်ဟင်းခါး၊ ခေါက်ဆွဲဘုဉ်းပေးတော်မူပါဘုရား"
"ကြက်သားဟင်း၊ ငါးခြောက်ဖုတ် ဆီဆမ်းဘုဉ်းပေးဖို့ ကြွတော်မူပါဘုရား"ဟူ၍ပင့်ဖိတ်ခြင်းသည် မအပ်သော ပင့်ဖိတ်နည်း ဖြစ်ပါသည်။

ကထိန်အာနိသင်ခံစားရသောကာလမှလွဲ၍ ကျန်အချိန်များတွင် ထိုသို့ပြောဆိုပင့်လျှောက်၍ ကြွရောက်ရလျှင် ရဟန်းတော်မှာအာပတ်အပြစ်သင့်ပါသည်။

မအပ်သောပင့်နည်းဖြင့် ပင့်လျှောက်ခဲ့ရာမကြွမဖြစ်ကြွရမည်ဆိုလျှင် ဂိုဏ်းမဖြစ်အောင်သုံးပါးသာကြွသင့်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## အပ်စပ်အောင်ပင့်ဖိတ်နည်း

သံဃာတော်ထံသို့ရောက်သော်ရှိသေစွာရှိခိုးပြီးမှ လက်အုပ်ချီ၍လျှောက်ထားပါ။

ဥပမာအားဖြင့် –

"အရှင်ဘုရား... တပည့်တော်တို့အိမ်မှာ မွေးနေ့(သို့) အိမ်တက်... ပွဲအတွက် အရုဏ်ဆွမ်းဘုဉ်းပေးရန် နက်ဖြန် တနင်္ဂနွေနေ့မနက်(၅)နာရီမှာ သံဃာတော်(၅)ပါး ကြွတော်မူကြဖို့ ပင့်လျှောက်ပါတယ်ဘုရား။"

လှူဒါန်းသောစားဖွယ်အမည်ကို ဖော်ပြလိုပါက မုန့်ဟင်းခါးဆွမ်း၊ မုန့်တီဆွမ်း၊ ခေါက်ဆွဲဆွမ်းစသည်ဖြင့် "ဆွမ်း" "ဆွမ်းဟင်း" ဟူသော ဝေါဟာရကိုထည့်သွင်း လျှောက်ထားရပါမည်။

"ဆွမ်း၊ ဆွမ်းဟင်းအလှူခံကြွတော်မူပါဘုရား" စသည် ဖြင့် အပ်စပ်သော ဝေါဟာရဖြင့် ဆွမ်းဖိတ်လှူဒါန်းနိုင်ပါသည်။

## နာရေးကိစ္စအတွက်အပ်စပ်အောင်ပင့်ဖိတ်နည်း

"ဦး/ဒေါ်........ ၏ နာရေးအတွက်သပိတ်သွတ် ကြွရောက်တော်မူပါဘုရား။ (သို့)အသုဘရှုကြွတော်မူပါဘုရား။ (သို့) မြေချ/ရက်လည်တရားတော်ချီးမြှင့်ရန် ကြွတော်မူပါ ဘုရား" ဟူ၍ မိမိအလိုရှိရာကိစ္စကိုဖော်ထုတ်ပြောကြားပြီး ရိုသေလေးစားစွာပင့်လျှောက်ရပါမည်။

www.burmeseclassic.com

www.burmeseclassic.com



"မသာပို့ကြွတော်မူပါဘုရား" "သုဿာန်သို့ကြွတော်မူပါဘုရား" ဟူ၍ မအပ်စပ်စွာမပင့်လျှောက်ရပါ။

မအပ်သောပင့်နည်းဖြင့်အပင့်ခံရသောရဟန်းတော်တို့ မှာ ဝိနည်းတော်တစ်ဖက်ဒါယကာများကို ချီးမြှောက်လိုမှု တစ်ဖက်နှင့်အခက်တွေ့ရတတ်၍ တပည့်ဒါယကာများက လိမ္မာပါးနပ်စွာလေ့လာပင့်လျှောက်အပ်ပါသည်။

## သံဃာတော်များအတွက်လှူဖွယ်ပစ္စည်းနှင့် သုံးစွဲအပ်သော

## ကာလအပိုင်းအခြားများ

## ကာလိက(၄)မျိုး

### ၁။ ယာဝကာလိက

(အရုဏ်တက်ချိန်မှ မွန်းလွဲချိန်ထိနေ့တစ်ဝက်သာ သုံးဆောင်အပ်သည့်စားသောက်ဖွယ်ရာများ)

**ထမင်း**၊ ဆန်မုန့်ညက်၊ မုန့်အမျိုးမျိုး။ ငါး၊ အသားဟူသော ဘောဇဉ်(၅)ပါး၊ သစ်သီး၊ ကြွစသော ခဲဖွယ်အမျိုးမျိုးနှင့် နွားနို့၊ နို့ဆီ၊ လှော်ရည်၊ ကော်ပီစသည့်အနည်အနှစ်ပါ သောက်ဖွယ် အမျိုးမျိုးတို့သည် နံက်အရုဏ်ကပ်လျှချိန်မှ မွန်းလွဲချိန်ထိသာ ဘုဉ်းပေးသုံးဆောင်နိုင်ပြီး ပိုလျှံသောအစားအစာအားလုံးကို နောက်နေ့တွင် မစားအပ်ပါ။ အားလုံးကိုစွန့်ပစ်ရပါမည်။

www.burmeseclassic.com



## ၂။ ယာမကာလိက

(အကပ်ခံပြီးနောက် နောက်တစ်နေ့အရုဏ်မတက်မီ အချိန်ထိသုံးဆောင်နိုင်သည့်ဖျော်ရည်အမျိုးမျိုး)

ရဟန်းတော်တို့နှင့်အပ်စပ်သော ဖျော်ရည်ရှစ်မျိုးမှာ ၁။ သပြေသီး ၂။ သရက်သီး ၃။ သပျက်သီး(မုဒရက်သီး) ၄။ ဖက်သက်သီး ၅။ သစ်မည်စည်သီး ၆။ တောငှက်ပျော သီး ၇။ အိမ်ငှက်ပျောသီး ၈။ ကြာစွယ်စသည်တို့ကို ဖျော်ရည် ပြုလုပ်၍ သုံးဆောင်နိုင်ပါသည်။

တစ်ခြားသော မန်ကျည်းဖျော်ရည်၊ ဇီးဖျော်ရည်၊ ရှောက်ဖျော်ရည်၊ သံပုရာဖျော်ရည်၊ လိမ္မော်ရည်တို့သည်လည်း ဖျော်ရည်ရှစ်မျိုးကဲ့သို့ ပြုလုပ်ရသော အနုလောမဖျော်ရည် များအဖြစ် ရဟန်းတော်တို့နှင့်အပ်စပ်ပါသည်။

သို့သော်သစ်သီးကိုမီးနှင့်ချက်ပြီးပြုလုပ်သော ဖျော်ရည်များမှာ (ယာဝကာလိကော) အမျိုးအစားဖြစ်သွား၍ မွန်းလွဲပြီးနောက် မသောက်အပ်ပါ။ ထို့အတူ **"ဒုန်းနို့၊ ဝိန္ဓဲသီး၊ ဖရဲသီး၊သခွားသီး"**စသည်တို့ဖြင့် ပြုလုပ်ထားသော ဖျော်ရည်များကိုလည်းမသောက်အပ်ပေ။

ရဟန်းတော်များရေကိုကျိုချက်နိုင်သော်လည်း ကိုယ် တိုင်ဖျော်ရည်ဖျော်ခြင်း၊ စစ်ခြင်းတို့ကိုမပြုလုပ်အပ်ပါ။

ဖျော်ရည်ကိုသုံးဆောင်ရာတွင်လည်းအကြောင်းမဲ့ သက်သက် အာဟာရဖြစ်အောင်ရည်ရွယ်သောက်သုံးလျှင်အပြစ်ရှိပါသည်။ ဆာလောင်မွတ်သိပ်၍သောက်လျှင်အပြစ်မရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အလှူရှင်များသတိပြုသင့်သည်မှာ မွန်းလွဲပိုင်းညနေလှူဒါန်းရန် ဖျော်ရည်ပြုလုပ်သောအခါ ရေစိမ်း၊ ရေအေးဖြင့်သာ ဖျော်စပ်ပါ။ သံဃာတော်များ အမှန်တကယ်ဆာလောင်လောက်သည့်အချိန်မှသာလှူဒါန်းပါ။

အရဏ်တက်ချိန်ထိသုံးဆောင်နိုင်လောက်သောပမာဏကို ချင့်ချိန်လှူဒါန်းပါ။

အထူးသတိပြုရန်မှာ တစ်နေ့တည်းကုန်အောင် မသုံးဆောင်နိုင်သော ဖျော်ရည်ပုလင်းများ၊ ဗူးများကို ရဟန်းတော်များထံသို့ တိုက်ရိုက်မကပ်ပဲ ကိုရင်၊ ကျောင်းသား၊ ကပ္ပိယများထံတွင်အပ်နှံ၍ အလိုရှိချိန်တွင်ဆက်ကပ်လှူဒါန်းစေခြင်းဖြင့် ရဟန်းတော်များအတွက်လည်းဝိနည်းတော်နှင့်အပ်စပ်ပြီး အလှူရှင်များအတွက်လည်းအလှူသန့်ရှင်းစင်ကြယ်ခြင်းအကျိုးထူးအမှန်ကို ရရှိစေပါလိမ့်မည်။

## ၃။ သတ္တာဟကာလိက

**(အကပ်ခံပြီးနောက်(၇)ရက်အတွင်းသာသုံးဆောင်အပ်သည့်ပစ္စည်းများ)**

ထောပတ်၊ ဆီဦး၊ ဆီအမျိုးမျိုး၊ ပျားရည်၊တင်လဲဟူသောဆေး(၅)မျိုး၊ထိုဆေးငါးမျိုးနှင့် ပြုလုပ်ထားသော အင်္ဂလိပ်ဆေး၊ စတုမဓူ၊လျက်ဆားစသော တိုင်းရင်းဆေးတစ်ချို့သည် (၇)ရက်အတွင်းသာ သိမ်းဆည်းသုံးဆောင်မှီဝဲအပ်ပါသည်။

တင်လဲအုပ်စုတွင်ပါဝင်သော သကြား၊ သကာ၊ ထန်းလျက်တို့နှင့်တကွ အထက်ပါဆေးအမည်များကို

www.burmeseclassic.com

www.burmeseclassic.com



အာဟာရအတွက် အဆာပြေသုံးဆောင်ခြင်းမပြုအပ်ပဲ အစာမကြေခြင်း၊ လေနာထခြင်း၊ အားကုန်ခမ်းခြင်းစသော ရောဂါဝေဒနာများအတွက်သာ သုံးစွဲအပ်ပါသည်။

ထို့ကြောင့် သံဃာတော်များကို (၇)ရက်သာအပ်သည့် ဆေးဝါးများလှူဒါန်းလိုပါက ကပ္ပိယကာရကတို့နှင့် တိုင်ပင်ကာ(၇)ရက်အတွင်း သုံးစွဲလောက်ရုံမျှလိုအပ်သလောက်သာခွဲ၍ခွဲ၍ လှူဒါန်းသင့်ပါသည်။

## ၄။ ယာဝဇီဝိက

## (အကပ်ခံပြီးနောက်တစ်သက်လုံးသုံးဆောင်နိုင်သော ဆေးဝါးပစ္စည်းများ)

ဆေးဖော်စပ်ရာတွင်အသုံးပြုနိုင်သော မန်းကျည်းရွက်အကြမ်း၊ ကင်ပွန်းရွက်အကြမ်းစသော အရွက်၊ အခေါက်၊ အမြစ်၊ အဉနှင့် ဆေးအဖြစ်သုံးစွဲရန်ရည်ရွယ်သော ဆား၊ ချင်းစိမ်း၊ ငရုတ်၊ ကြက်သွန်စသော ဆေးဖက်ဝင်ပစ္စည်းများ ပါဝင်ပါသည်။ တစ်ချို့အင်္ဂလိပ်ဆေး၊ မြန်မာဆေးဝါးများသည်လည်း ရောဂါဝေဒနာကုသနိုင်ရန် ယာဝဇီဝိကအဖြစ် သိမ်းဆည်းသုံးဆောင်နိုင်ပါသည်။

ဤနေရာတွင် မြတ်စွာဘုရားရှင်ညွှန်ပြတော်မူသော အခါခပ်သိမ်းသုံးဆောင်မှီဝဲနိုင်သည့် ဆေးနည်းတစ်ရပ်ကို ဖော်ပြလိုပါသည်။ ယင်းဆေးနည်းမှာ ဆီးဖြူသီး၊ သျှိသျှားသီး၊ သဖန်းခါးသီးတို့ကို နွားမကျင်ငယ်ရည်ဖြင့် ရက်သတ္တပတ်ခန့် (ကြာလေကောင်းလေ)စိမ်ပြီးလျှင်ရဟန်းတို့အား(ဆေး)အဖြစ် မှီဝဲသောက်သုံးပါက သည်းခြေနာနှင့်တကွ ဝေဒနာအပေါင်းတို့ကိုနိုင်နင်းသည်ဟု ညွှန်ပြခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# လှူဒါန်းရာတွင်သတိပြုရန်

တာဝန်ခံနီးဘောဇဉ်။ တစ်ရက်၊ တစ်ပတ်စသည်ဖြင့် ရက်အကန့်အသတ်နှင့်သာသုံးစွဲခွင့်ရှိသော လှူဖွယ်ပစ္စည်းများကိုအချိန်ကာလနှင့်သင့်လျော်စွာသုံးစွဲနိုင်အောင် ခွဲ၍ခွဲ၍ ဆက်ကပ်လှူဒါန်းသင့်ပါသည်။

ဆွမ်းဆန်စိမ်းလောင်းပွဲ၊ သိမ်ဆင်းပွဲစသော အလှူပွဲကြီးများတွင် အလှူရှင်တို့သည် သာဟတ္ထိကဒါနမြောက်အောင် ကိုယ်ထိလက်ရောက်ဆက်ကပ်လိုသော စေတနာသဒ္ဓါတရားဖြင့် ဆွမ်းဆန်တို့ကိုဆက်ကပ်လေ့ရှိရာ ထိုဆွမ်းဆန်နှင့် စားဖွယ်တို့မှာ နောက်တစ်နေ့တွင် သံဃာတော်တို့အတွက် မသုံးဆောင်အပ်တော့ပေ။

ထို့ကြောင့် သပိတ်၊ သင်္ကန်း၊ ထီး၊ ဖိနပ်၊ စာအုပ်စသော ပရိက္ခရာ အသုံးအဆောင်များနှင့်တစ်သက်လုံးသုံးစွဲအပ်သော ယာဝဇီဝကဆေးဝါးများမှလွဲ၍ ကျန်သောစားသောက်ဖွယ်၊ လှူဖွယ်ပစ္စည်းတို့ကို သက်ဆိုင်ရာကပ္ပိယတို့အား လောင်းလှူ လိုက်လျှင်လည်း သာဟတ္ထိကဒါနမြောက်ပြီးဖြစ်သဖြင့် ရဟန်းတော်တို့လက်သို့ တိုက်ရိုက်ဆက်ကပ်လောင်းလှူနိုင်ရေး အတွက် အားမထုတ်သင့်ပေ။

ဝိနည်းတော်အရ ရက်တိုကာလိကပစ္စည်းနှင့် ရက်ရှည် ကာလိကပစ္စည်းများရောနှောကပ်မိလျှင် ရက်တိုသောပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



၏ သုံးစွဲခွင့်ကာလအတိုင်းသာ ကျန်ပစ္စည်းများအားလုံးသုံးစွဲခွင့်ရှိနိုင်တော့သည်။

ဥပမာ။ ။ မုန့်နှင့်ဆေးကိုရော၍ အလှူခံရရှိလျှင် ဆေးသည်လည်းတစ်မနက်သာသုံးစွဲအပ်တော့သည်။

**ထို့ကြောင့်လှူဖွယ်ပစ္စည်းများကိုလှူဒါန်းရာတွင် ကာလိကမတူသောပစ္စည်းများကို ခွဲခြား၍လှူသင့်ပါသည်။**

ယခင်နေ့ရက်များကအကပ်ခံထားသော **စွန့်ပြီးစားသောက်ဖွယ်ရာ** (ဆား၊ သကြား၊ ဆွမ်းဟင်း၊ မုန့်၊ အချိုရည်စသည်)များကို ယနေ့အကပ်ခံထားသောအစားအစာများနှင့်ရောနှောသုံးဆောင်လိုပါက ကပ္ပိယများ၊အလှူရှင်များက **နောက်တစ်ကြိမ်ထပ်မံဆက်ကပ်ရမည်။**

အထူးသဖြင့် ဝါတွင်းကာလတွင်လှူဒါန်းလေ့ရှိသော ဆွမ်းလောင်းအသင်းများသည် နံက်အရုဏ်တက်ပြီးမှသာ သံဃာတော်များကို ဆွမ်းလောင်းလှူသင့်ကြပါသည်။ ဝါတွင်းကာလဆွမ်းကျွေးအလှူပြုလုပ်လိုလျှင်လည်း အရုဏ်တက်ပြီးမှ သံဃာတော်များကို ပင့်ဆောင်ရပါမည်။ သို့မှသာရဟန်းတော်များဝါမကျိုး၊ဝါမပျက်စေရေးအတွက် ဝိနည်းတော်များကို ဝိုင်းဝန်းစောင့်ရှောက်ကူညီရာရောက်ပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



# သန့်ရှင်းဖြစ်ခြင်း

ရဟန်းတော်တို့သည် ကပ်လှူထားသောလှူဖွယ်များကို သုံးစွဲသင့်သော ကာလအပိုင်းအခြား(ကာလိကများ) ထက်ကျော်လွန်အောင် သိမ်းဆည်း၍စားသုံးပါက သန္နိဓိကာရကသိက္ခာပုဒ်အရ အပြစ်အာပတ်သင့်ပါသည်။

ထို့ကြောင့် စားသောက်ဖွယ်ရာများကိုလှူဒါန်းရာတွင် အလှူရှင်နှင့်ကပ္ပိယတို့က စနစ်တကျသိမ်းဆည်းပေးပြီး နောက်နေ့များတွင် လိုအပ်သလိုပြုပြင်ဆက်ကပ်ခြင်းဖြင့် ရဟန်းတော်တို့လည်း နေ့စဉ်ဘုန်းပေးသုံးဆောင်နိုင်ပြီး အပြစ်လည်းကင်းစင်နိုင်သဖြင့် ဝိနည်းသာသနာတော်ကြီးကို ဆရာ–ဒကာတို့ ညီညွတ်သန့်စင်စွာ စောင့်ရှောက်ရာရောက်ပေမည်။

အကပ်ခံပြီးသောမုန့်ခဲဖွယ်တို့ ပိုလျှံလျှင် (နောက်ပြန်ရရန်မျှော်လင့်ချက်လုံးဝမထားပဲ) လှူ၊ သာမဏေ၊ ကပ္ပိယတို့ကို အပြတ်စွန့်လျှင် သန္နိဓိအပြစ်မဟုတ်တော့ပါ။ နောက်နေ့တွင် ကပ္ပိယတို့ကထပ်မံကပ်လှူလျှင် သုံးဆောင်ကောင်းပါသည်။

ထို့ပြင် ရဟန်းတော်များသုံးဆောင်ရာတွင် အသုံးပြုသောသပိတ်၊ ပန်းကန်၊ ခွက်၊ လွှက်ရည်ကရားစသည်တို့ကို ဆေးကြောရာတွင် မစင်ကြယ်ပဲ ဆီစသောအကြွင်းအကျန်များရှိနေလျှင် နောက်နေ့သုံးစွဲရာတွင် အစားအစာအာမိသများ ရောနှောမိပြီး မစင်ကြယ်သည့်အပြစ်သဘောသက်ရောက်

www.burmeseclassic.com



တတ်၍ ရဟန်းသံဃာတော်များ၏ သပိတ်၊ ပန်းကန်များကို ဆေးကြောရာတွင် သန့်ရှင်းစင်ကြယ်အောင် ဆေးကြောခြင်း၊ ရေစစ်ခြင်း၊ အဝတ်ဖြင့်သုတ်ခြင်း၊ နေရောင်ပြခြင်းတို့ကို ဂရုတစိုက်ပြုလုပ်အပ်ပါသည်။ အကောင်းဆုံးမှာ ရဟန်းတော်များဆွမ်းဘုဉ်းပေးချိန်တိုင်းတွင် ထပ်မံ၍ကပ်သင့်ပါသည်။

## အကပ်မြောက်ခြင်းနှင့်အကပ်ပျက်ခြင်း

**ရဟန်း**သံဃာတော်များသည် "စင်ပြီးသောရေနှင့် သွားတိုက်ဒန်ပူ"မှလွဲ၍ စားသောက်ဖွယ်ရာများကို ကိုယ်တိုင် ချက်ပြုတ်ယူဆောင်၍ စားသောက်ခွင့်မရှိပါ။ လူပုဂ္ဂိုလ်များက ကိုယ်ထိလက်ရောက်ကပ်လှူမှသာလျှင်ဝိနည်းတော်နှင့်အညီ ဘုဉ်းပေးသုံးဆောင်ခွင့်ရှိပါသည်။

လူပုဂ္ဂိုလ်တစ်ဦးက ဆွမ်းစသောစားသောက်ဖွယ်ပစ္စည်း တို့နှင့် အသုံးအဆောင်ဝတ္ထုပစ္စည်းတို့ကို ရဟန်းသံဃာတော် ၏လက်သို့ထိအောင်၊ ရောက်ရှိအောင်ပေးအပ်ခြင်းကို **ကပ်လှူသည်။ ကပ်သည်။** ဟူ၍ခေါ်သည်။

ရဟန်းတော်များကို ကပ်လှူရာတွင် လှူဖွယ်ပစ္စည်းကို လက်နှစ်ဖက်နှင့်စုံကိုင်ကာကပ်လှူပါ။ လက်တစ်ဖက်က

www.burmeseclassic.com

www.burmeseclassic.com



လှူဖွယ်ပစ္စည်းကိုကိုင်၍လက်တစ်ဖက်က တတောင်ကိုကိုင်ကာ ပေးခြင်းသည် လူ့ယဉ်ကျေးမှုတွင် ဂါရဝအမှုဖြစ်သော်လည်း ရဟန်းတော်များကိုကပ်လှူရာတွင်မူ မသင့်လျော်ပါ။

သနား၍ပေးကမ်းကျွေးမွေးခြင်းမျှသဘောထားကာ မလှူပါနှင့်၊ ရတနာသုံးပါးကို ပူဇော်ချီးမြှောက်လှူဒါန်းလို သောစေတနာသဘောထားနှင့်လှူဒါန်းမှသာ ကုသိုလ်စိတ် မြင့်မြတ်ကာ အကျိုးကျေးဇူးများပါလိမ့်မည်။

''နတ်ရွာသုဂတိ လူချမ်းသာ၊နတ်ချမ်းသာကိုခံစားလို သောဘဝတဏှာကိုရည်မှန်း၍မလှူဒါန်းပါနှင့်၊ အမြတ်ဆုံး သန္တိသုခ မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာရကြောင်းအထောက်အပံ့ ကောင်းဖြစ်စေရန် ရည်မှန်းချက်စေတနာထားကာ စိတ်ဖြူစင် စွာလှူဒါန်းရပါမည်။''

## အကပ်ခြောက်ခြင်းအင်္ဂါငါးပါး

**၁။ ကပ်လှူမည့်သူက ရဟန်းတော်၏လက်သို့ရောက် အောင် ရှေးရှုဦးတည်ဆောင်ပေးရပါမည်။**

ပေးကပ်လာသောလှူဖွယ်ကို ရဟန်းတော်ကလက်နှင့်ထိ၍ ယူ၍အကပ်ခံရပါမည်။

(လက်နှင့်ရှေ့သို့ထိုး၍ပေးခြင်းသည်လည်း ဆက်ကပ်သကဲ့သို့ ဦးခေါင်းပေါ်ရွက်ထားသောလှူဖွယ်ပစ္စည်းကို ကိုယ်ကို ကိုင်းညွတ်စောင်းပေးလျှင်လည်း ရှေးရှုဆောင်ပေးရာရောက် သောကြောင့် ရဟန်းတော်တို့က ထိုလှူဖွယ်ပစ္စည်းကို လက် နှင့်ထိကာအလိုရှိရာယူဆောင်နိုင်ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com



၂။ ကပ်လှူမည့်သူနှင့် အလှူခံယူမည့်ရဟန်းတော်သည် နှစ်တောင့်ထွာ( ၃ပေ၊ ၈လက်မ) အကွာအဝေးအတွင်းတွင် ရှိကြရပါမည်။ နှစ်တောင့်ထွာဟတ္ထပါသ်ဟုသုံးနှုန်းကြသည်။

(၃ပေ၊ ၈လက်မ) နှစ်တောင့်ထွာအကွာအဝေးကို တိုင်းတာရာတွင် ကပ်လှူသူ၏ ခန္ဓာကိုယ်(လက်မပါ)ရှေ့ဖက်အစွန်းနှင့် အကပ်ခံသူ၏ ခန္ဓာကိုယ်နောက်ဖက်စွန်းနှစ်ရပ်အကွာအဝေးကိုတိုင်းတာရပါမည်။ လူ့ခန္ဓာကိုယ်သည် တစ်တောင်ခန့်ရှိသောကြောင့် ကပ်လှူသူနှင့်အကပ်ခံသော ရဟန်းတော်ကြားတွင် တစ်တောင့်ထွာသာကွာဝေးရပါမည်။

တစ်ချို့စားပွဲဝိုင်းကြီးများသည် ၄ ပေခန့်ကြီးမားကျယ်ဝန်းသည်ဖြစ်ရာ ခေါင်းရင်းတွင်ထိုင်နေသောရဟန်းတော်ကို စားပွဲတစ်ဖက်စွန်းမှလှမ်း၍ပေးခြင်းသည် အကပ်မမြောက်ဟု သတိပြုရပါမည်။

၃။ အားအလတ်စားရှိသူတစ်ဦးတည်းကမြှောက်ချီမယူနိုင်သောပစ္စည်းဝတ္ထုဖြစ်ရပါမည်။

ဆွမ်းဆက်ကပ်ရာတွင် ဆွမ်း၊ ဆွမ်းဟင်း၊ ပန်းကန်များပါဝင်သော စားပွဲခုံသည် (အားအလတ်စားရှိသူတစ်ဦးတည်းကမယူနိုင်သော အရွယ်အစားရှိလျှင်) အလှူရှင်မိသားစုသုံးလေးဦးဝိုင်း၍ကပ်လှူလျှင်လည်း အကပ်မြောက်ပါသည်။

သို့သော်တစ်ချို့စားပွဲကြီးများသည် သုံးလေးယောက်မလျှင်ပင်ကြာကြာကိုင်မထားနိုင်အောင် လေးလံလှ၍ ထိုစားပွဲကြီးမျိုးနှင့် ဝိုင်းမပြီးကပ်လှူခြင်းမှာ အကပ်မမြောက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သံဃာတော်ဦးရေများ၍ ထိုသို့သောစားပွဲကြီးမျိုးဖြင့် ဆက်ကပ်လိုပါက ဆွမ်း၊ ဆွမ်းဟင်းနှင့် စားဖွယ်ခဲဖွယ်များကို တစ်ခွက်ချင်းဖြစ်စေ၊ လင်ပန်းတွင်လေးငါးခွက်စီထည့်၍ဖြစ်စေ ခွဲခြား၍ကပ်ပြီးမှသာ စားပွဲပေါ်တွင်တင်ပါ။

ပြီးမှအလှူရှင်များ၊ မိသားစုများစုပေါင်းဝိုင်းမပြီး ကိုယ်ထိလက်ရောက်ထပ်မံကပ်လှူခြင်းဖြင့် အကပ်မြောက်အောင် ဆောင်ရွက်နိုင်ကြပါသည်။ ကပ်လှူရာတွင် စားပွဲခင်းများကြမ်းပြင်နှင့်ထိနေရုံဖြင့်အကပ်မပျက်ပါ။

BURMESE CLASSIC

၄။ <u>ကပ်လှူသူ၏ ကိုယ်ဖြင့်ဖြစ်စေ၊ ကိုယ်ဖြင့်စပ်၍ထိကိုင်ထားသောခွက်၊ ပန်းကန်စသည်ဖြင့်ဖြစ်စေ၊ လှူဖွယ်ပစ္စည်းကိုအနီးကပ်ပစ်၍ဖြစ်စေ၊ဤသုံးမျိုးတွင် တစ်မျိုးမျိုးဖြင့်ပေးခြင်းသည် အကပ်မြောက်ပါသည်။</u>

ပန်းကန်ထဲ၊ ခွက်ထဲ၊ ဇလုံထဲ၊ ခြင်းထဲ၊ တောင်းထဲတွင် ထည့်ထားသော ပစ္စည်းများကိုပေးလှူခြင်းသည်အကပ်မြောက်ပါသည်၊ ပစ်၍ပေးခြင်းသည်အကပ်မြောက်သော်လည်း လောကရေးရာတွင် ရိုင်းရာရောက်သဖြင့် မလွဲမရှောင်သာသော အခက်အခဲရှိမှသာဆောင်ရွက်သင့်ပါသည်။

၅။ <u>အကပ်ခံရသောရဟန်းတော်က ကိုယ်အစိတ်အပိုင်း (လက်)ဖြင့်ဖြစ်စေ ကိုယ်နှင့်စပ်သော (ကိုင်ထားသော) ခွက်၊ ယပ်တောင်၊ တုတ်၊ စားပွဲခုံစသည်ဖြင့်ခံယူ၍ဖြစ်စေ၊ ထိ၍ဖြစ်စေ၊ ဤနှစ်မျိုးတွင်တစ်မျိုးမျိုးဖြင့် ခံယူခြင်းပြုရပါမည်။</u>

www.burmeseclassic.com

www.burmeseclassic.com



လှူဖွယ်ပစ္စည်းကို ကပ်လှူရာတွင် ရဟန်းတော်က သပိတ်၊ ခွက်၊ ယပ်တောင်တို့ဖြင့်ခံယူခြင်း၊ တောင်ဝှေး၊ တုတ်တို့ဖြင့်တို့ထိ၍လက်ခံခြင်း၊ ကိုင်ထားသောစားပွဲပေါ်တွင် တင်လှူခြင်းကိုလက်ခံခြင်းတို့သည် အကပ်မြောက်ပါသည်။ ထို့ကြောင့် ဆွမ်းစားနေခိုက်တွင် ဆွမ်း၊ ဆွမ်းဟင်းထပ်မံ လိုက်စဉ် သံဃာတော်ကစားပွဲကိုကိုင်ထားသောကြောင့် အကပ်မြောက်ပါသည်။

ဆွမ်းစားပြီး၍ အချိုပွဲများကိုဆွမ်းစားပွဲပေါ်သို့ လက်နှစ်ဖက်ဖြင့် ရိုသေစွာကိုင်၍တင်ခြင်းသည်လည်း အကပ်မြောက်သောကပ်လှူနေခြင်းဖြစ်ကြောင်း သတိပြုဂရုစိုက်ရပါမည်။

BURMESE CLASSIC

သံဃာတော်များကိုလှူဖွယ်ပစ္စည်းများ ကပ်လှူရာတွင် အထက်ပါအချက်(၅)ချက်နှင့် ပြည့်စုံညီညွတ်အောင်ရိုသေလေးစားစွာ သက္ကစ္စဂါရဝမြောက်ကပ်လှူမှသာအကပ်မြောက်ပါသည်။

**အကပ်မြောက်မှသာ ရဟန်းတော်တို့သည် ဘုန်းပေးသုံးဆောင်ကောင်းပါသည်။ အကပ်မမြောက်သော လှူဖွယ်ကိုသုံးဆောင်လျှင် ဝိနည်းအပြစ်သင့်ပါသည်။** "ထို့ကြောင့် လှူဒါန်းသော အလှူရှင်တို့အနေဖြင့် ဆရာ-ဒကာအကျိုးရှိသောအလှူဖြစ်စေရန် ဆင်ခြင်ဆောင်ရွက်သင့်ပေသည်။"

www.burmeseclassic.com

www.burmeseclassic.com



# အကပ်ပျက်ခြင်း အင်္ဂါများ

**ရဟန်းတော်**တို့ အကပ်ခံနိုင်သော အသေးငယ်ဆုံး အာဟာရသည် ရထရေဏုမြူ(လှည်းရထားသွားလာစဉ်ဖြစ်ပေါ်လာသောမြူမှုန်) ပမာဏဖြစ်ပါသည်။ အကပ်ခံပြီးသော အာဟာရထဲသို့ ရထရေဏုမြူပမာဏဖုန်မှုန့်အမှိုက်ကျလျှင် အကပ်ပျက်တတ်၍ ဆွမ်းစားနေစဉ်တံမြက်စည်းလှည်းခြင်း၊ ဖုန်ခါခြင်းများမပြုလုပ်သင့်ပါ။

ဆွမ်းခံစဉ်/ဆွမ်းစားနေစဉ် ဖုန်မှုန့်များဆွမ်းအတွင်းသို့ ဝင်သွားလျှင် အပေါ်ယံဆွမ်းအနည်းငယ်ကိုယူ၍ ဖယ်ပစ်ရမည်(သို့မဟုတ်)ထပ်မံ၍အကပ်ခံရပါမည်။

သံဃာတော်များကို ဆက်ကပ်ပြီးသောဆွမ်း၊ ဆွမ်းဟင်း၊ ဘောဇဉ်များကိုထပ်မံကိုင်တွယ်ပြုပြင်ရုံဖြင့် အကပ်မပျက်နိုင်ပါ။ သို့သော် လက်တွင်ဖုန်မှုန့်(သို့) ဟင်းရည်၊ ဆီ စသည်တို့ ကပ်ညိနေ၍ ပြင်ဆင်သောဟင်းခွက်ထဲသို့ကျရောက်ရောနှောမိလျှင်အကပ်ပျက်ပါသည်။ ထို့ကြောင့် ကပ်ပြီးဟင်းခွက်ကို ပြုပြင်လိုပါက လက်ကိုစင်ကြယ်အောင်ဆေးကြောသုတ်သင်သင့်ပါသည်။

ဆွမ်းလုပ်ကိုပါးစပ်ထဲသို့သွင်းပြီးမှ သွားရည်လူးပြီးသောဆွမ်း(တစ်လုံးမျှပင်ဖြစ်စေ၊ ပါးစပ်တွင်းမှပန်းကန်(သို့)သပိတ်ထဲသို့ပြန်ကျသွားလျှင်) ထိုဆွမ်းလုံးအတွက် အကပ်ပျက်၍ ဖယ်ပစ်ခြင်း(သို့)ပြန်ကပ်ခြင်းကိုပြုရပါမည်။ ပါးစပ်အတွင်း မရောက်သေး၍ သွားရည်မလူးသေးသောဆွမ်းလုံးများ ပန်းကန်သပိတ်ထဲသို့ပြန်ကျခြင်းအတွက် အကပ်မပျက်ပါ။

ရဟန်းတော်များ ဆွမ်းအာဟာရဘုဉ်းပေးရာ၌ လက်တွင်

www.burmeseclassic.com

www.burmeseclassic.com



ရထဲရေထားမြူးဖုန်မှုန့်အမှိုက်များကပ်ပါလာနိုင်၍ လက်ကို စင်ကြယ်အောင်ဆေးကြောပြီးမှ ဘုဉ်းပေးသုံးဆောင်ကြရပါ သည်။ ဆွမ်းစားပြီးနောက် အချိုပွဲသုံးဆောင်ရာတွင်လည်း ယခင်ဆွမ်းပွဲမှ အကြွင်းအကျန်များလက်တွင်မကပ်ကျန်စေ ရန် ရေဖြင့်စင်ကြယ်စွာဆေးကြောရပြန်ပါသည်။

လက်ဆေးပြီးနောက်လက်သုတ်ပုဝါတွင်သုတ်ပါက ပုဝါမှ မြူများကပ်မည်စိုး၍ လက်မသုတ်ပဲ ရေကိုခါရုံမျှခါ၍ ဆက်လက်သုံးဆောင်ကြပါသည်။ ဆွမ်းဘုဉ်းပေးခြင်းကိစ္စ အားလုံးပြီးစီးမှသာ ထပ်မံ၍လက်ဆေးပြီး လက်သုတ်ဝတ်တို့ ဖြင့် သုတ်သင်သန့်စင်ကြရသည်ဖြစ်ရာအလှူရှင်များအနေဖြင့် လက်ဆေးရေနှင့်သန့်စင်သော လက်သုတ်ဝတ်တို့ကို ပြည့်စုံ လုံလောက်စွာ စီမံထားရပါမည်။ ဆီဝေ့နေသောလက်ဆေး ရေများကိုလဲလှယ်ပေးရပါမည်။

ဖွန်းခရင်းနှင့်ဘုဉ်းပေးသုံးဆောင်နိုင်သော ဆွမ်းအာဟာရ ကို စီမံပေးလှူနိုင်ပါက ပို၍သင့်လျော်ပါလိမ့်မည်။

ဆွမ်း၊ ဆွမ်းဟင်းလိုက်သူများအထူးသတိပြုရန်မှာ ဆွမ်း၊ ဆွမ်းဟင်းလိုက်သောအခါ ဖွန်းကိုပြန်ရုတ်စဉ် ဖွန်းမှဟင်းရည် ဟင်းစက်များ တစ်ခြားဟင်းခွက်များ၊ ပန်းကန်များအပေါ် သို့မကျရောက်စေရန် သတိထားဆောင်ရွက်ပါ။ ထိုသို့ကျသွား လျှင် ရှေ့ရှုဦးတည်ရာမဟုတ်ပဲကျရောက်သည့်အတွက် အကပ် ပျက်သွားသဖြင့် ထပ်မံကပ်ရပါမည်။ လျှော့နည်းနေသော ဆွမ်းဟင်းပန်းကန်ကို စားပွဲဘေးတွင်သင့်ရုံဖြည့်စွက်၍ ပြန်တင်ထားခြင်းက ပို၍သင့်လျော်ပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



# ဆွမ်းစားစဉ်ပဝါရိတ်သင့်ခြင်း

အာဂန္တုရှင်များနှင့်ဆွမ်းဟင်းလိုက်သူများသည် သံဃာတော်များ ဆွမ်းများများဘုဉ်းပေးစေလိုသောစေတနာဖြင့် မမေးမြန်းပဲ ဆွမ်းလိုက်ပွဲများကိုရှုးခပ်ထည့်တတ်ကြသည်။

ထိုသို့ထည့်ရာတွင် သံဃာတော်များက ပြည့်စုံနေပြီဖြစ်၍ "တော်ပါပြီ" "မလိုတော့ပါ" ဟုလည်းကောင်း၊ လက်ဝါးကာ၍ ခေါင်းခါ၍လည်းကောင်း၊ တားမြစ်ပယ်ရှားရလျှင် ထိုရဟန်းတော်မှာ ပဝါရိတ်သင့်တော့သည်။

ပဝါရိတ်သင့်လျှင် ထိုရဟန်းတော်သည် ဆွမ်းဘုဉ်းပေးနေစဉ် ထိုင်နေသောဣရိယာပုတ်ကိုလုံးဝမဖျက်ရတော့ပေ။ ဣရိယာပုတ်ကိုပြောင်းလဲမိလျှင် အတိရိတ်ဝိနည်းကံမပြုပဲ ဆွမ်းပွဲ၊ အချိုပွဲစသော ဘောဇဉ်ခဲဖွယ်များကို ဆက်လက်၍ မစားကောင်းတော့ပေ။

ထို့ကြောင့် ဆွမ်း၊ ဆွမ်းဟင်းလိုက်သူများသည် ဆွမ်းများကိုမဖြည့်စွက်မီ "လက်ဖြင့်မကော်၊ မခပ်၊ မကိုင်သေးပဲ" နှုတ်ဖြင့်"ဆွမ်းအလိုရှိပါသလားဘုရား" ဟူ၍ (ဆွမ်းအမည်ပါအောင်) ဦးစွာမေးမြန်းရမည်။ ထိုသို့မေးမြန်းရာတွင် ရဟန်းတော်များနှင့် နှစ်တောင့်ထွာဟတ္ထပါသ်အပြင်ဖက် (လေးပေအကွာခန့်မှ)မေးလျှောက်သင့်ပါသည်။

ရဟန်းတော်များက လိုအပ်ကြောင်းပြောခြင်း၊ ခေါင်းညိတ်ပြခြင်း၊ ဆိတ်ဆိတ်နေခြင်းတို့ပြုမှ ဆွမ်း၊ ဆွမ်းဟင်းတို့ကို သင့်လျော်ရုံထပ်မံဖြည့်စွက်၍ ဆွမ်းလိုက်သင့်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(ပဝါရိတ်သင့်ရုံဖြင့် အာပတ်အပြစ်မဖြစ်သေးသော်လည်း ရဟန်းတော်တို့အတွက် ဝိနည်းတော်အရ အနေအထိုင်ကျဉ်းကျပ်စေ၍ အလှူရှင်များ၊ ကပ္ပိယများက နားလည်စွာစီမံဆောင်ရွက်သင့်ပါသည်။)

## ဆွမ်းဆက်ကပ်လှူဒါန်းရာတွင် ပါဝင်သော အသီးအနှံ ခဲဖွယ်များကို အပ်စပ်အောင်ပြုပြင်ခြင်း(သို့)

# ကပ္ပိခြင်း

ဘောဇဉ်ခဲဖွယ်ဟူရာ၌ ခဲဖွယ်ဟူသည်မှာ ပါးစပ်နှင့်ကိုက်ခဲ၍ဖြတ်တောက် စားရသော စားသောက်ဖွယ်ရာ အသီးအနှံများကို ဆိုလိုသည်။

ဝိနည်းတော်တွင် ဗီဇဂါမ်ဟုခေါ်သော အပင်ဆက်ရှင်နိုင်သေးသည့် အမြစ်၊ ပင်စည်၊ အဆစ်၊ အညွန့်၊ အစေ့ (၅)မျိုးသော မျိုးစေ့ကို ရဟန်းတော်တို့မဖျက်ဆီးအပ်ဟု တားမြစ်ထား၍ ယင်းတို့ကိုဆက်ကပ်လှူဒါန်းလိုလျှင် ဝိနည်းတော်နှင့်အညီ အပ်စပ်အောင်ပြုပြင်ပြီးမှ ဘုဉ်းပေးသုံးဆောင်နိုင်ပါသည်။

ထိုကဲ့သို့မျိုးစေ့ဘဝမှ အပင်ပေါက်နိုင်သေးသော ငှက်ပျောသီး ဖီးဖြူသီး၊ ခရမ်းကြွပ်သီး၊ ဆေးမြင်းခွာ၊ နံနံပင်၊ ကြက်သွန် စသောတို့စရာများနှင့် လိမ္မော်သီး၊ သံပုရာသီး၊ ဖီးသီး၊ ကြံ စသောအသီးအနှံများကိုကပ်လှူလိုလျှင် အပ်စပ်အောင်

www.burmeseclassic.com

www.burmeseclassic.com



"ကပ္ပိခြင်း" ပြုလုပ်ကြရမည်။

ကပ္ပိခြင်းပြုလုပ်ပုံမှာ -

ရဟန်းတော်ကဘောဇဉ်ခဲဖွယ်များထဲတွင် မအပ်စပ်သော အရာများကိုမြင်သောအခါ အကပ်မခံမီ -

**(ကပ္ပိယံ ကရောဟိ)** ဟူ၍ ဆိုလိမ့်မည်။

**(အဓိပ္ပါယ်မှာ)** ကပ္ပိယံ = ရဟန်းတော်တို့နှင့် အပ်စပ်အောင်။

ကရောဟိ = ပြုလော့။

ထိုအခါကပ်လှူသူက-

**(ကပ္ပိယံ ဘန္တေ )**

**(အဓိပ္ပါယ်မှာ)**ဘန္တေ = အရှင်ဘုရား

ကပ္ပိယံ = ရဟန်းတော်တို့အား အပ်စပ်သည်ကို

ကရောမိ = ပြုပါ၏။

ဟူ၍ဆိုကာဆိုစဉ်၌ပင် ထိုအသီးအနှံများကိုလက်သည်းဖြင့်ဆိတ်၍ဖြစ်စေ၊ ချိုး၍ဖြစ်စေ၊ ဓါးဖြင့်ခွဲစိတ်၊ ပိုင်းခုတ်၍ဖြစ်စေ၊ အပ်၊ခက်ရင်းတို့ဖြင့် ထိုးဖောက်၍ဖြစ်စေ၊ မီးတွင်လှော်၍၊ကင်၍၊ သွင်း၍ဖြစ်စေ၊ ကြံဆိုလျှင်အပင်ထပ်ဖြစ်စေသောအဆစ်ပိုင်းဖြတ်ပစ်၍ဖြစ်စေ၊ အပေါက်အပြတ်ဖြစ်အောင် (ကပ္ပိခြင်း)ပြုလုပ်လိုက်လျှင် ရဟန်းတော်တို့အတွက်အပ်စပ်သွားပြီဖြစ်ပါသည်။

အပင်ဗီဇမဖြစ်နိုင်သေးသောအသီးအနှံများနှင့် ခုတ်ထစ်ဖြတ်ပိုင်းထားပြီးသောအသီးအနှံခဲဖွယ်များကိုမူ ကပ္ပိခြင်းပြုရန်မလိုအပ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



"သစ်သီးများ အစုလိုက်အပုံလိုက်လှူဒါန်းလိုလျှင် အပေါ်ဆုံးမှတစ်လုံးကိုကပ္ပိလိုက်ရုံဖြင့် ဆက်စပ်နေသော ကျန်သစ်သီးများအားလုံးသည် အပ်စပ်ပြီးဖြစ်ပါသည်။"

တစ်ကြိမ်ကပ္ပိပြီး သစ်သီးများကို (အကပ်မခံရသေးလျှင်) နောက်ရက်များတွင် ခွဲခြား၍ကပ်လှူပါက ထပ်မံကပ္ပိရန်မလိုပဲ အကပ်ခံ၍ ဘုဉ်းပေးသုံးဆောင်နိုင်ပါသည်။

## သင်္ကန်းလှူဒါန်းခြင်း

"ရဟန်းတော်တို့သည် ပဝါရိတ(ပစ္စည်းအလှူခံရန်) ဖိတ်ကြားထားသူများနှင့် မိမိ၏ဆွေမျိုး၊ဉာတိအရင်းအချာများ ထံတွင် ပစ္စည်း(၄)ပါးကို လှူဒါန်းကြရန်တောင်းခံနိုင်သော်လည်း တစ်ခြားလူပုဂ္ဂိုလ်များထံတွင်မှ အလှူတောင်းခံ၍ မသုံးဆောင်ကောင်းပေ။ လှူဒါန်းလာသည်ကိုသာ လက်ခံရပါမည်။"

ဆွေမျိုးဟူရာ၌ပင် ရှေ့(၇)ဆက်၊ နောက်(၇)ဆက်ဆွေမျိုးရင်းကိုသာဆိုလိုသည်။ ဖနီးဟောင်းနှင့်ဖနီးဟောင်း၏ဆွေမျိုးများ၊ ချွေးမ၊သားမက်နှင့်တကွယင်းတို့၏ ဆွေမျိုးများထံတွင်လည်း မတောင်းအပ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ မကြာခဏတွေ့မြင်နေရသော လမ်းမပေါ်တွင် ငွေကြေးအလှူခံနေသူများ၊ အိမ်ပေါက်ဝတိုင်းလမ်းတိုင်းသို့ လှည့်လည်ကာ ပစ္စည်း(၄)ပါးအကြောင်းပြပြီး ငွေကြေးအလှူခံ နေသူများသည် ဝိနည်းသိက္ခာပုဒ်များကိုဆန့်ကျင်ဖောက် ဖျက်ကျူးလွန်နေကြခြင်းဖြစ်ပြီး အယောင်ဆောင်လိမ်လည်နေ သော လူပုဂ္ဂိုလ်သက်န်းဝတ်များ၏စားကျက်ဖြစ်နေသည်ကို သတိပြုကာ လှူဒါန်းသူများအနေဖြင့် သာသနာတော် သန့်ရှင်းရေးအတွက် အကျိုးမယုတ်စေရန် ပညာအသိဖြင့် ဆင်ခြင်စုံစမ်းလှူဒါန်းသင့်ကြပေသည်။ အဆိပ်ပင်ရေလောင်း သောလုပ်ရပ်သည် ဗုဒ္ဓဘာသာဂုဏ်သိက္ခာကိုသာမက သာသနာတော်သန့်ရှင်းတည်တံ့ရေးကို ထိခိုက်စေကြောင်း သတိမူသင့်ကြပါသည်။ သင်္ဂါယနာအကြိမ်ကြိမ်တင်ခဲ့ရသည် မှာလည်း ထိုအကြောင်းများကြောင့်ပင် ဖြစ်ပေသည်။

## ရဟန်းတော်တို့အသုံးပြုသောသင်္ကန်း(၉)ထည်

၁။ သင်းပိုင်

၂။ ကေသီ(ကိုယ်ရုံ)

၃။ ဒုကုဋ်(၂ထပ်သင်္ကန်း)

၄။ အိပ်ရာခင်း

၅။ မျက်နှာသုပ်ပုဝါ

၆။ ပရိက္ခရစောဠ(သင်္ကန်းမချုပ်ရသေးသောပိတ်စများ)

၇။ နိသီဒိုင်(သင်းပိုင်အတွင်းခံ၊ အခင်း)

၈။ မိုးရေခံသင်္ကန်း

၉။ အမာလွှမ်းသင်္ကန်း

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်လက်ထက်တော်က ရဟန်းတော်များသည် ကိုယ်တိုင်သင်္ကန်းစပ်ချုပ်ခြင်း၊ အရောင်ဆိုးခြင်းတို့ကိုပြုလုပ်ကြရသည်။ ထိုသို့သင်္ကန်းချုပ်ရာတွင် မဂဓပုဏ္ဏားတို့၏ လယ်ကွက်တည်ပုံကိုပြ၍ နမူနာယူချုပ်လုပ်ကြရန် ဘုရားရှင်က ညွှန်ပြခဲ့ရာ အခန်းကြီး၊ အခန်းငယ်၊ ရေသွင်းမြောင်း၊ အနားပတ်တို့ဖြင့် ချုပ်လုပ်ကာ သင်္ကန်းဖြစ်မှအဓိဋ္ဌာန်တင်ခြင်း ကပ္ပဗိန္ဒု(အမှတ်စက်)ထိုးခြင်းစသည်တို့ကို ဝိနည်းတော်နှင့် အညီ ပြုလုပ်၍ဝတ်ရုံကြရလေသည်။

ယခုခေတ်တွင် အသင့်ချုပ်လုပ်ပြီးသား သင်္ကန်းများကိုသာ ဝယ်ယူလှူဒါန်းကြရသည်ဖြစ်ရာ သင်္ကန်းချုပ်လုပ်သူများသည် ဝိနည်းတော်နှင့်အညီ ချုပ်လုပ်ရောင်းချကြရန် တာဝန်ရှိပါသည်။

## ❋ သင်္ကန်းကိုအပ်စပ်အောင်လှူဒါန်းရနည်း

ဇါခြုံသင်္ကန်း၊ ကထိန်သင်္ကန်း၊ စသည်တို့လှူဒါန်းရာတွင် ရဟန်းတော်များညွှန်ကြားသည့်အတိုင်းလှူဒါန်းပါ။

သာမန်အချိန်များတွင် စေတနာသဒ္ဓါတရားဖြစ်ပေါ်ပြီး လှူဒါန်းလိုပါက သင်္ကန်းဝယ်ယူလာပြီးကိုယ်ထိလက်ရောက် ကပ်လှူခြင်းမှာ အကောင်းဆုံး၊ အလွယ်ဆုံး၊ အရှင်းဆုံးဖြစ်ပါသည်။ သင်္ကန်းလှူသည့်အကျိုးကိုလည်း အပြည့်အဝ ရရှိပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com




သင်္ကန်းဝယ်ချိန်မရှိ၍ သင်္ကန်းဖိုးငွေကို ရဟန်းတော်အား ပေးပြီး "သင်္ကန်းဖိုးအလှူခံတော်မူပါ" ဟူ၍ မလှူအပ်ပေ။

သင်္ကန်းလှူလို၍ ရဟန်းတော်ထံတွင်ရှိသောသင်္ကန်းကို မူရင်းဈေးဖြင့်ဖြစ်စေ၊ လျှော့ဈေးဖြင့်ဖြစ်စေပြန်ဝယ်ပြီးမလှူအပ်ပါ။

သင်္ကန်းလှူလိုသော်လည်း လောလောဆယ်ဝယ်မရနိုင်၍သင်္ကန်းဖိုးကိုကြိုတင်ပေးလှူလိုပါက ရဟန်းတော်၏ ဝေယျာဝစ္စပြုသူကပ္ပိယကာရကကိုမေး၍ ညွှန်ပြစေပြီးလျှင် ကပ္ပိယထံတွင် သင်္ကန်းဖိုးငွေကိုအပ်နှံ၍ သင်္ကန်းဝယ်၍ ကပ်လှူရန်ပြောဆိုမှာကြားရမည်။ ထို့နောက် ရဟန်းတော်ကို "အရှင်ဘုရားအလိုရှိသောအခါ ကပ္ပိယမည်သူ့ထံတွင် သင်္ကန်းအလှူခံတော်မူပါဘုရား" ဟူ၍ လျှောက်ထားရပါမည်။

သို့ဖြစ်၍ လှူဒါန်းဖွယ်ရာများအတွက်အရှုပ်အရှင်း ပြဿနာကင်းရှင်းစေရန်နှင့် ရဟန်းတော်များအတွက်ဝိနည်း ကိစ္စအခက်မတွေ့စေရန် လှူဖွယ်ပစ္စည်းကိုဝယ်ယူပြီးမှလှူဒါန်းခြင်းမှာအသင့်လျော်ဆုံးပင်ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



# ကျောင်းကိုအပ်စပ်အောင်လှူဒါန်းရည်။

ရှေးခေတ်ကရဟန်းသံဃာတော်များသည် တောထဲ၊ တောင်ထဲ၊ သစ်ပင်ရင်း၊ လှိုဏ်ချောက် တောင်ခေါင်းလှိုဏ်ဂူ၊ သုသာန်၊ နတ်ကွန်းစေတီ စသည့်နေရာမျိုးတွင် ဝါကပ်နေထိုင်ကာ ရဟန်းတရားပွားများအားထုတ်တော်မူကြသည်။

အကယ်၍ကျောင်းဆောက်လှူဒါန်းလိုသော ပုဂ္ဂိုလ်များပေါ်ပေါက်ခဲ့လျှင် အောက်ပါကျောင်း(၅)မျိုးကို လှူဒါန်းနိုင်ကြောင်း ဘုရားရှင်ခွင့်ပြုတော်မူခဲ့ပါသည်။

၁။ ဝိဟာရ = လေးဘက်မိုးကျောင်း။

၂။ အမုယောဂ = နှစ်ဘက်မိုးကျောင်း။

၃။ ပါသာဒ = အထွတ်ပါသော ပြာသာဒ်ရှည်ကျောင်း။

၄။ ဟမ္မိယ = ပြာသာဒ်ဦးပြည်းကျောင်း။

၅။ ဂုဟာ = လှိုဏ်ဂူကျောင်း။

ထိုငြိုင်ကျောင်းပရိဘောဂအသုံးအဆောင်များအဖြစ် ညောင်စောင်းကုတင်၊ စားပွဲကုလားထိုင်၊ အိပ်ရာ၊ထိုင်ခင်း၊ မွေ့ရာ၊ ဖျာ၊ သားရေခင်းစသည်တို့ကိုလည်း လှူဒါန်းလက်ခံခွင့်ပြုတော်မူပါသည်။

သံဃာတော်များကို ကျောင်းဆောက်လှူဒါန်းရာတွင် "ကျောင်းဆောက်လုပ်ပြီးမှရေစက်ချလှူဒါန်းခြင်း"သည် အသင့်လျော်ဆုံးဖြစ်ပါသည်။ မြေဝယ်ယူ၍ကျောင်းဆောက်ရာတွင် ရဟန်းတော်များကိုယ်တိုင်စီမံဆောင်ရွက်နေရလျှင် ဝိနည်းသိက္ခာပုဒ်များစွာကို ချိုးဖောက်ရာရောက်စေပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမဆောက်လုပ်မီ သင့်လျော်သော ကျောင်းနေရာကို ညွှန်ပြနိုင်ရန်အတွက်သာ ရဟန်းတော်များကို ပင့်ဆောင်၍ ပြုဖွယ်ကိစ္စတို့ကို ပြုလုပ်စေအပ်ပါသည်။

ကျောင်းနေရာသည် ပိုးရွခြပုန်းမရှိသောနေရာ၊ အန္တရာယ်ပြုမည့်သားရဲတိရစ္ဆာန်မရှိသောနေရာ၊ ကောက်ပဲသီးနှံစိုက်ခင်းမဟုတ်သောနေရာ၊ လူသတ်ကုန်းအရပ်နှင့် လမ်းဆုံကျစည်ကားသောအရပ်စသည့်ဘေးရန်အပြစ်မရှိသောနေရာ ဖြစ်ရပါမည်။ လှည်းတစ်စီးလှည့်ပတ်လောက်သောကျောင်းပတ်လည်လမ်းနှင့် ကျောင်းရှေ့ဥပစာအကျယ်ရှိရပါမည်။

(လူနေရပ်ကွက်ထဲမှ ပေ၂၀ x ပေ၆၀ မြေကွက်များမှာ ကျောင်းအဖြစ်အပ်စပ်ခြင်းမရှိပါ။)

ကျောင်းဆောက်လုပ်ရန်လှူဒါန်းကြသောအလှူငွေများကိုသံဃာတော်တို့ တိုက်ရိုက်မကိုင်တွယ်အပ်၍ ကျောင်းအကျိုးဆောင်ကပ္ပိယကာရကကိုညွှန်းကာ စနစ်တကျလက်ခံရပါမည်။ လှူဒါန်းသူများအနေဖြင့်လည်း သံဃာတော်များအတွက်အရိပ်အာဝါသဒါနအဖြစ်ရည်မှန်း၍ စေတနာဖြူစင်သန့်ရှင်းစွာဖြင့်လှူဒါန်းရပါမည်။

ရဟန်းကိုယ်တိုင်ဖြစ်စေ၊ သူတစ်ပါးမှတစ်ဆင့်ဖြစ်စေ ဖြားယောင်း၊ မြှူဆွယ်၊ ခြောက်လှန့်၊ မြှောက်ပင့်၊ အကျိုးဖလှယ်ခြင်းဖြင့်ရရှိလာသော အလှူငွေများဖြင့် သံဃာတော်တို့အတွက် ကျောင်းစသောပစ္စည်း(၄)ပါးတွင် အသုံးမပြုအပ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အပြစ်ကင်းစင်၍အပ်စပ်သောကျောင်းဖြစ်မှသာလျှင် သံဃာတော်တို့အတွက်လည်း အကျိုးကျေးဇူးများမည်ဖြစ်ပြီး အလှူရှင်တို့အတွက်လည်း မြင့်မြတ်သောအလှူဖြစ်နိုင်ပေမည်။

မအပ်စပ်သောကျောင်းကန်ဘုရားများ မည်မျှပင် များပြားစေကာမူ သာသနာတော်ကြီးအတွက် တိုးတက်ထွန်းကားသည်ဟု မဆိုနိုင်ပါ။ အပ်စပ်သောကျောင်းကန်ဘုရားများရှိမှသာလျှင် သာသနာတော်အတွက်တိုးတက်စည်ပင်ခြင်း ဖြစ်ပါလိမ့်မည်။

## ဘုရားစေတီတည်ခြင်း

ရဟန်းတော်များသည် ဘုရားစေတီတည်ရန် ဝိနည်းနှင့်အညီကြီးကြပ်စီမံညွှန်ကြားနိုင်သော်လည်း ရောင်းရေးဝယ်ရေး၊ဆောက်လုပ်ရေး ၊အလှူခံရေးကိစ္စများတွင်ကိုယ်တိုင်ဝင်ရောက်၍ပါဝင်ဆောင်ရွက်ခြင်းများမပြုအပ်ပါ။

ထို့ကြောင့် ဒကာ၊ဒကာမများကရဟန်းတော်များကို ဘုရားစေတီတည်ထားခြင်းနှင့်ပတ်သက်၍ ကိုယ်တိုင်အလှူခံပြီးငွေကြေးကိစ္စစီမံစေခြင်းကို တာဝန်မပေးသင့်ပါ။

ထို့အတူ ဘုရားစေတီ၊ ဆင်းတုတော်များတွင် ရွှေသက်န်းကပ်လှူရန်၊ ဆီမီးလှူရန်အလှူငွေများကို ရဟန်းတော်တို့ကိုယ်တိုင်လက်မခံပဲ ကပ္ပိယအကျိုးဆောင်များကိုသာ စာရင်းဖြင့်လက်ခံစေသင့်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားဆင်းတုတော်များကို ရွှေသက်နှံးကပ်ရာတွင်လည်း ရဟန်းတော်များသည် ကိုယ်တိုင်ရွှေချခြင်းကို လုံးဝမပြုလုပ်အပ်ပေ။ ရဟန်းတော်များသည် ရွှေငွေကို ကိုင်တွယ်ခွင့်မရှိသောကြောင့် ရွှေငွေနှင့်ပြုလုပ်သော ဖလား၊ ခွက်၊ ဇွန်း၊ ပုတီးနှင့် ဆင်းတုတော်များကိုပင် ကိုင်တွယ်ရန်မအပ်ပါ။

"ထိုကဲ့သို့သော ဂန္ထဓုရ၊ ဝိပဿနာဓုရနှစ်ဖြာမဟုတ်သော လောကီလူအများနှင့်ဆက်နွယ်နေသောကိစ္စရပ်များကို ဆောင်ရွက်ရသောအခါ ဝိနည်းသိက္ခာပုဒ်ဆိုင်ရာအခက်အခဲများစွာကိုကြုံတွေ့ရနိုင်သောကြောင့် ရှေးခေတ်ဝိနည်းလေးစားသောဆရာတော်တို့သည် ရဟန်းတော်များကိုယ်တိုင် ဦးစီး၍ ဝိနည်းနှင့်မညီပဲတည်ဆောက်ထားသောစေတီ၊ ဘုရား၊ ကျောင်းကန်များကို ရှောင်ရှားလေ့ရှိကြသည်။"

ထို့ကြောင့် သာသနာတော်ကြီးအတွက် ဝိနည်းဒေသနာတော်နှင့်ညီညွှတ်ကာ အပြစ်ကင်းစင်ကြယ်သောစေတီ၊ ဘုရား၊ ကျောင်းကန်များပေါ်ထွက်ရေးအတွက် အလှူရှင်ဒါယိကာများအနေဖြင့် ဘာသာရေးဗဟုသုတနှင့် ပြည့်စုံရန် ဦးစွာလေ့လာသင့်ကြပါသည်၊ ဝိနည်းမိုရ်ဆရာတော်ကြီးများ၊ ပညာရှင်များထံတွင် မေးမြန်းနာယူသင့်ကြပါသည်။

အကြောင်းဆုံ၍ပြောလိုသည်မှာ ဘုရားဆင်းတုတော်နှင့် သံဃာတော်များ၏ ရုပ်ပုံကားချပ်များကို ကိုယ်တွင်ဆောင်ထားခြင်း၊ လည်တွင်ဆွဲခြင်း၊ ဈေးဗန်း၊ ဈေးခုံစားပွဲတွင် ကပ်ခြင်းများမပြုလုပ်သင့်ပါ။ ရတနာသုံးပါးနှင့်စပ်သော အမှတ်သင်္ကေတကိုလောကီအကျိုးအတွက်အသုံးမပြုသင့်ပါ။

www.burmeseclassic.com

www.burmeseclassic.com



## ❁ ရွှေ-ငွေ ရတနာ၊ ငွေစက္ကူ၊ လှူဒါန်းခြင်း

ရဟန်းတော်တို့သည် အောက်ပါပစ္စည်းများကို လှူဒါန်းလာလျှင်လက်မခံကောင်း၊ မသာယာကောင်း၊ မကိုင်ကောင်းပေ။

၁။ ရွှေတုံး၊ ရွှေထည်အသုံးအဆောင်၊ ရွှေဒင်္ဂါး ၊ရွှေပုတီး၊ လက်ဝတ်ရတနာစသော ရွှေနှင့်ပြုလုပ်သောပစ္စည်းအမျိုးမျိုး။

၂။ ငွေတုံး၊ ငွေထည်အသုံးအဆောင် ငွေဒင်္ဂါး၊ ငွေဖွန်း၊ ငွေပုတီး၊ငွေခွက်စသော ငွေနှင့်ပြုလုပ်ထားသောပစ္စည်းအမျိုးမျိုး။

၃။ ခေတ်ကာလအလိုက် ရောင်းဝယ်ရေးတွင်အသုံးပြုသော ငွေစက္ကူ၊ ဒင်္ဂါးအမျိုးမျိုး။

၄။ ပုလဲ၊စိန်၊ပတ္တမြားစသောရတနာအမျိုးမျိုး။

၅။ ကျွန်ယောကျ်ား၊ကျွန်မိန်းမ၊အစေခံများ။

၆။ လယ်ယာ၊အာရာမ်၊ ဥယျာဉ်စသည်များကို မိမိအတွက်ဖြစ်စေ၊ သံဃာတော်များအတွက်ဖြစ်စေ၊ စေတီဘုရားအတွက်ဖြစ်စေ လာရောက်အပ်နှံလှူဒါန်[illegible]ပယ်ရှားရပါမည်။ လက်မခံအပ်ပါ။ (သီတင်းသုံးရန် ၄ [illegible]င်းဆောက်ရန်မဟုတ်ပဲ ရုံပုံငွေရရန်၊အသက်မွေးရန်၊အသီးအနှံရောင်းချပြီးဝင်ငွေရယူရန်အတွက်လက်မခံအပ်ကြောင်းဆိုလိုပါသည်။)

သို့သော် ရွှေငွေကိုအပ်စပ်အောင်လှူဒါန်းနည်းမှာ အလှူရှင်က "ပုဂ္ဂိုလ်၊ဂိုဏ်း၊သံဃာ"ကို သီးခြားမရည်ညွှန်းပဲ "ဤရွှေငွေများကို စေတီတော်အတွက်လှူဒါန်းပါသည်ဘုရား၊

www.burmeseclassic.com

www.burmeseclassic.com


ကျောင်းအတွက် လှူဒါန်းပါသည်ဘုရား။" "( နဝကမ္မ ) အတွက်လှူဒါန်းပါသည်ဘုရား"ဟုလျှောက်ထားက "ကပ္ပိယကာရက"ညွှန်၍အပ်နှံပြီးစီမံခန့်ခွဲသုံးစွဲနိုင်ပါသည်။ ထိုသို့လှူကမတားမြစ်ကောင်းကြောင်း ဝိနည်းအဋ္ဌကထာ၌ ဖွင့်ဆိုထားပါသည်။

## (နဝကမ္မဝတ္ထု) ငွေကြေးလှူဒါန်းခြင်း

ရဟန်းသံဃာတော်တို့သည် သာသနာတော်၏အဓိက တာဝန်ဖြစ်သော စာပေပရိယတ္တိသင်ယူကျက်မှတ်၊ပေါက်ကြား ခြင်းနှင့်သမထဝိပဿနာကမ္မဋ္ဌာန်းတရားပဋိပတ်အလုပ် ပွားများအားထုတ်ခြင်းဟူသည့်တာဝန်နှစ်ရပ်ကို ထမ်းဆောင် ကာ ဘဝသံသရာဝဋ်ဒုက္ခမှလွတ်မြောက်စေရန် ကြိုးစားအား ထုတ်လျက်ရှိကြပါသည်။

ထိုသို့သော သာသနာ့တာဝန်ကို ထမ်းဆောင်နေကြသော ရဟန်းတော်မြတ်များကို ပစ္စည်းလေးပါးပြည့်စုံစေရန် ဒကာ၊ ဒကာမများမှ [illegible]က်ပံ့နိုင်မှ သာသနာတော်ထွန်းကားပြန့်ပွား ရေးအကျိုးဆော[illegible]ကို ထိထိရောက်ရောက်ဆောင်ရွက်တော် မူနိုင်ကြမည်ဖြစ်ပေသည်။

ယနေ့ခေတ်အခါမျိုးကဲ့သို့ အရာရာငွေပါမှပြီးသည့် အချိန်တွင် ရဟန်းတော်များအနေဖြင့် ဝိနည်းသိက္ခာပုဒ်နှင့် အညီနေရန်မှာပို၍ခက်ခဲလာ၍ ထေရဝါဒရဟန်းတော်များ

www.burmeseclassic.com

www.burmeseclassic.com



အနေဖြင့် ဗုဒ္ဓဥပဒေတော်ကြီးဖြစ်သောဝိနည်းဓမ္မကံများ နှင့်အညီနေထိုင်ပြီး သန့်ရှင်းစင်ကြယ်စွာသာသနာပြုနိုင်ရန် အတွက် လူပုဂ္ဂိုလ်ဒါယကာ၊ ဒါယကာမများသည် ဘာသာရေး ဆိုင်ရာဗဟုသုတ၊ သာသနာရေးဗဟုသုတပြည့်ဝစွာဖြင့် လိမ္မာပါးနပ်စွာ စီမံထောက်ပံ့လှူဒါန်းတတ်ရန်များစွာအရေးကြီး လှပေသည်။

"ဂွန္ထဓုရ၊ ဝိပဿနာဓုရ တာဝန်ကိစ္စနှစ်ရပ်တို့မှ အပို ဖြစ်သော အမှုကိစ္စသစ်များဖြစ်သည့် ပစ္စည်းလေးပါးကိစ္စ ခရီးစရိတ်၊စာရေးကရိယာဖိုး၊ ကျောင်းပြင်စရိတ်၊ ဆွမ်းစရိတ်၊ မီတာဖိုး၊ရေဖိုး၊ထင်းဖိုးအစရှိသော ကုန်ကျမှုအပေါင်းကို **အမှုကိစ္စသစ်အတွက်ကုန်ကျစရိတ်(နဝကမ္မဝတ္ထု)ဟူ၍** သာသနာတော်ဝေါဟာရဖြင့် ခေါ်ဝေါ်ကြပါသည်။"

ယခုအခါတွင် မြတ်ဗုဒ္ဓသာသနာတော်ကြီးသည် ကမ္ဘာ တစ်ဝှမ်းသို့ပြန့်နှံ့၍ ဓမ္မစက္ကတရားဘီးကြီးသည် လည့်လည် နေပြီဖြစ်ရာ နိုင်ငံခြားသာသနာပြုလုပ်ငန်းများတွင်ရဟန်းတော် များအတွက် လိုအပ်ချက်အရပ်ရပ်တို့သည်လည်း ဘုရားရှင် ခွင့်ပြုတော်မူသည့် (နဝကမ္မ)ကိစ္စရပ်အမှုသစ်များပင် ဖြစ်ကြ ပါသည်။

ထိုနဝကမ္မအမှုသစ်ကိစ္စများအတွက် ဝတ္ထုပစ္စည်းများကို လှူဒါန်းရာတွင် ရဟန်းတော်များထံတိုက်ရိုက်လှူဒါန်းနိုင် သော်လည်း ငွေကြေးများကို နဝကမ္မဝတ္ထုအဖြစ် တိုက်ရိုက် လှူဒါန်းခြင်းကို ဝိနည်းဖော်ကခွင့်မပြုပါ။

ယခုအခါလူအများသည် ငွေစက္ကူများကို ရဟန်းတော်

www.burmeseclassic.com



များလက်သို့ ကပ်လှူခြင်းကို လုပ်ရိုးလုပ်စဉ်တစ်ခုလို ပြုလုပ်နေကြခြင်းမှာ ဝိနည်းတော်နှင့်မညီပါ။ "လှူသူက စက္ကူအိပ်တွင် ငွေစက္ကူထည့်လှူပြီး အကပ်ခံသူကယပ်တောင်၊ အိတ်ဖြင့်ခံသော်လည်း ဝိနည်းဥပဒေအရအပြစ်ရှိပါသည်။"

ထိုကဲ့သို့ နဝကမ္မအမှုသစ်များအတွက် ငွေစက္ကူများကို လှူဒါန်းလိုပါက ဝိနည်းတော်နှင့်ညီညွတ်အောင် ကပ္ပိယကာရကမှတစ်ဆင့် လှူဒါန်းရန် ဘုရားရှင်က ညွှန်ကြားထားပါသည်။

အလှူရှင်သည် ရှေးဦးစွာ ရဟန်းတော်၏ဝေယျာဝစ္စပြုသူ ကပ္ပိယကာရကကို မေးမြန်းပြီး ညွှန်ပြစေရပါမည်။

"တပည့်တော်ပိုက်ဆံဘယ်သူ့ထံ ပေးခဲ့ရမှာလဲ ဘုရား"ဟူ၍မမေးအပ်ပါ။ ရဟန်းတော်က မိမိအတွက် ယူနိုင်းရာရောက်လျှင်၊ ငါ့အတွက်ဟုသာယာမိလျှင် နိဿဂ္ဂိပါစိတ်အာပတ်သင့်ပါသည်။

"အရှင်ဘုရား၏ ကပ္ပိယကာရကပုဂ္ဂိုလ်ကို ညွှန်ပြတော်မူပါဘုရား"ဟု လျှောက်ထားမေးမြန်း၍သိရလျှင်ကပ္ပိယထံသို့မိမိလှူဒါန်းလိုသောငွေကြေးပမာဏကို အပ်နှံကာရဟန်းတော်အလိုရှိသောအခါသုံးစွဲနိုင်ရန် နဝကမ္မအလှူငွေ ဖြစ်ကြောင်းပြောဆိုရမည်။

ကပ္ပိယကလည်း"တပည့်တော်ထံ (----)ကျပ်တန် အပ်စပ်သောပစ္စည်းများကိုတောင်းခံတော်မူပါဘုရား။ လုံခြုံရာအရပ်ကိုလည်းညွှန်ပြတော်မူပါဘုရား" ဟူ၍ လျှောက်ထားရမည်။

www.burmeseclassic.com

www.burmeseclassic.com


# ကပ္ပိယမရှိသောအခါလှူဒါန်းပုံ

ကပ္ပိယမရှိလျှင်လည်း "ဤဝတ္ထုကို အရှင်ဘုရား၏ နဝကမ္မအားလှူဒါန်းပါတယ်ဘုရား၊ လုံခြုံသောနေရာကို ပြတော်မူပါဘုရား" ဟူ၍ လျှောက်ထားရမည်။

ရဟန်းတော်က "မည်သည့်နေရာမှာ လုံခြုံပါလိမ့်မယ်" ဟု ညွှန်ပြသော ဘီရို၊သေတ္တာတို့တွင် နဝကမ္မဝတ္ထုငွေကို သိမ်းဆည်းထား၍ အမှုကိစ္စပေါ်ပေါက်လာသောအခါ ကပ္ပိယကို ထုတ်ယူသုံးစွဲစေနိုင်ပါသည်။ "ဘယ်နေရာမှာ သိမ်းထားလိုက်" ဟူ၍မပြောအပ်လောက်အောင်ပင်သံဃာ့ကျင့်ဝတ်ဝိနည်းတော်များသည် သိမ်မွေ့တိကျလှပါသည်။

အလှူရှင်ကလည်း "ကပ္ပိယကာရက ဦးဖြူထံတွင် တစ်ထောင်ကျပ်တန်အပ်စပ်သော ပစ္စည်းကို အလိုရှိသော အခါတောင်းယူတော်မူပါဘုရား"ဟူ၍ လျှောက်ထားလိုက်ရုံဖြင့် အလှူဒါနမြောက်ပြီးဖြစ်ပါသည်။

ရဟန်းတော်အတွက် လုပ်ငန်းအမှုကိစ္စသစ်ပေါ်ပေါက်လာသောအခါ ကိုယ်တိုင်ကပ္ပိယကာရကအဖြစ် ဆောင်ရွက်ကာ လှူဒါန်းခြင်းကား အကောင်းဆုံး၊ အမွန်မြတ်ဆုံးဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com


# ကပ္ပိယကောင်းတစ်ယောက်

ရဟန်းတော်များအတွက် အရေးကြီးလှသော ပစ္စည်းလေးပါးနှင့် နဝကမ္မဝတ္ထုတို့ကို ဝိနည်းတော်နှင့်အညီ ရရှိသုံးဆောင်နိုင်ရေးအတွက် ကပ္ပိယတစ်ဦး၏တာဝန်မှာ အထူးအရေးပါလှပါသည်။

ကပ္ပိယတို့က ဝိနည်းစည်းကမ်းကို နားလည်ကျွမ်းကျင် လိမ္မာစွာအပ်စပ်အောင်ဆောင်ရွက်နိုင်မှသာ သာသနာပြု ရဟန်းတော်တို့မှာလည်း သီလကျင့်ဝတ်သိက္ခာဖြူစင်နိုင်ပြီး အလှူရှင်အပေါင်းတို့အတွက်လည်း အကျိုးထူးနှင့်ပြည့်စုံနိုင် ကြမည်ဖြစ်ပါသည်။

**စင်စစ်တွင် ကပ္ပိယဟူသည်မှာ ဗုဒ္ဓဘာသာဝင်အားလုံး နှင့်သက်ဆိုင်နေသောဝေါဟာရတစ်ခုသာဖြစ်ပါသည်။** သာသနာတော်ကြီးသန့်ရှင်းစင်ကြယ်စွာထွန်းကားပြန့်ပွားရေး အတွက် ဗုဒ္ဓဘာသာဝင်တိုင်းတွင် တာဝန်ရှိကြသည်ဖြစ်ရာ ကပ္ပိယတို့၏ တာဝန်ဝတ္တရားဗဟုသုတများကို သိရှိကျင့်သုံး နိုင်ရန်ကြိုးစားလေ့လာရမည့်တာဝန်မှာ အားလုံး၏တာဝန် ပင်ဖြစ်ပါသည်။

[ထိုသို့ဆိုလျှင် ကပ္ပိယကိုငွေအပ်လိုက်လို့ "ကပ္ပိယသုံး ပစ်လိုက်ရင် ဘယ်လိုလုပ်မလဲ"ဟု တွေးပူနေသူများအတွက် မိမိတာဝန်နှင့်အဖြေကို ဆင်ခြင်နိုင်လောက်ပေပြီ။]

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့အားလုံးသည် ဥပသကာများဖြစ်ကြပါသည်။ အလှူရေစက်လက်နှင့်မကွာလိုသူများဖြစ်ကြပါသည်။

သာသနာတော်ကြီးကို စနစ်တကျသန့်ရှင်းစင်ကြယ်စွာ ထွန်းကားပြန့်ပွားရေးကို လိုလားသူများဖြစ်ကြပါသည်။

သာသနာတော်၏အသက်သည် ဝိနည်းတော်များဖြစ်သည်ဆိုခြင်းကိုလည်းလက်ခံယုံကြည်သူများဖြစ်ကြပါသည်။

"ထို့အတွက်ကျွန်ုပ်တို့သည် ကပ္ပိယကာရကကောင်းများဖြစ်အောင်လေ့လာကြိုးစားကြရပါမည်။" ရဟန်းတော်များဝိနည်းတော်နှင့်အညီ နေထိုင်ဆောင်ရွက်နိုင်စေရန် စီမံစောင့်ရှောက်ကြရပါမည်။ ဤသည်မှာဗုဒ္ဓဘာသာဝင်အားလုံးတို့၏ အလေးအနက်ထားရမည့် သမိုင်းပေးတာဝန်တစ်ရပ်ပင်ဖြစ်ပါသည်။

## နောက်ဆက်တွဲ - ၁

## ဘုန်းကြီးအာပတ်သင့်မိတာကို အပြစ်မတင်ပါနဲ့

ရဟန်းတော်တို့၏သီလသည် (၂၂၇)ပါးသောသိက္ခာပုဒ်များကို စောင့်ထိန်းကြရပါသည်။ ဝိနည်း ၅ကျမ်းမှကျင့်ဝတ်သိက္ခာပုဒ်အားလုံးကို အသေးစိတ်ရေတွက်လိုက်လျှင် ကုဋေကိုးထောင့်တစ်ရာရှစ်ဆယ်ကျော် (၉၁,၈၀၅,၀၃၆,၀၀၀) ထိကျယ်ဝန်းများပြားစွာ ရှိနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသိက္ခာပုဒ်များကို ကျူးလွန်မိလျှင် ဒုဗ္ဘာသိတအာပတ်(အပြောအဆိုကျူးလွန်မှု)ဒုက္ကဋ်အာပတ်(ကာယကံကျူးလွန်မှု) မှသည် ပါရာဇိကပြင်ပ ဒေသနာ(သင့်)၊ ပါစိတ်၊ ထုလ္လစ္စဥ်း၊ သံဃာဒိသေသ်၊ ပါရာဇိက(ရဟန်းအဖြစ်မှ ဆုံးရှုံးစေသောပြစ်မှု)ထိ အာပတ် ( ၇ ) မျိုးကို အဆင့်ဆင့်သတ်မှတ်ထားပါသည်။

ဒုဗ္ဘာသိတမှထုလ္လစ္စဥ်းထိအာပတ်(၅)မျိုးမှာ သိတင်းသုံးဖော်ရဟန်းတော်တစ်ပါးပါးထံတွင် အပြစ်ဝန်ခံ၍ နောင်ပြုပြင်ပါမည်ဟု ဒေသနာကြားခြင်းဖြင့် ကုစားနိုင်ပါသည်။ အပြစ်မှကင်းလွတ်နိုင်ပါသည်။

ယနေ့ခေတ်တွင် ရဟန်းသံဃာတော်များ(အထူးသဖြင့် စာသင်သားသံဃာများ)သည် မြို့ပြလူထုကြားထဲတွင် အကြောင်းအမျိုးမျိုးကြောင့် သွားလာလှုပ်ရှားနေကြရရာ စာအုပ်စာတမ်းဝယ်ယူခြင်းပြုရန်၊ လမ်းစရိတ်ပေးရန်၊ စသော ကိစ္စများအတွက် ငွေကြေးကိုကိုင်တွယ်အသုံးပြုနေကြရပါသည်။

ထို့အပြင် သာသနာရေး၊ဘာသာရေးကိစ္စများအတွက် အလှူငွေကြေးများကို ကိုယ်ထိလက်ရောက်လက်ခံယူရခြင်းများလည်း ရှိပါသည်။

ငွေကြေးကိုလက်ခံကိုင်တွယ်မိလျှင်အပြစ်အာပတ်သင့်သော်လည်း တပ်မက်သာယာသောစိတ်ဖြင့်မဟုတ်ပဲ သာသနာတော်အကျိုးအတွက် ဆောင်ရွက်နိုင်ရန်မလွှဲမရှောင်သာပဲ ကိုင်တွယ်လက်ခံသုံးစွဲနေရခြင်းများလည်းရှိနေကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အတွက် ဒကာ၊ဒကာမအပေါင်းတို့မှ သံဃာတော်များဝိနည်းမစောင့်ရှောက်ဟုအပြစ်မပြောစေလိုပါ။

ဒေသနာကြား၍ အာပတ်ဖြေလျှင်ပြေပျောက်နိုင်သောအပြစ်များကိုမမြင်ပဲ သိက္ခာပုဒ်ကျင့်ဝတ်ပေါင်းများစွာကို ထိမ်းသိမ်းစောင့်ရှောက်နေကြသော သီလတော်မြတ်တို့ကိုသာ အလေးအမြတ်ပြုကြည်ညိုသင့်ပါသည်။

သို့သော် ထပ်ခါထပ်ခါ မကျူးလွန်ဖြစ်အောင်နှင့် ဝိနည်းတော်နှင့်ညီညွတ်စေရန် ယခင်ထုံးစံမှားများကို ပြုပြင်၍အပ်စပ်အောင်လှူဒါန်းရမည့်တာဝန်မှာ ဗုဒ္ဓဘာသာဝင်သူတော်စင် ဒကာ– ဒကာမအပေါင်းတို့၏ တညီတညွတ်တည်းဆောင်ရွက်ရမည့်တာဝန်သာဖြစ်ကြောင်း ရှင်းလင်းစွာသိမြင်အပ်ပေသည်။

သာသနာတော်ကိုစောင့်ရှောက်ကြကုန်သော သံဃာတော်တို့သည် ဗုဒ္ဓဘာသာဝင် ဒကာ– ဒကာမများပေါ် မှီခိုအားထားနေကြရသည်ဖြစ်ရာတကာများ၏ အပြုအမူ၊ထုံးစံအကောင်း၊အဆိုးသည် သာသနာတော်ကြီးတိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းအတွက်အဓိကကျလှကြောင်း သတိပြုဆင်ခြင်သင့်ကြပေသည်။



www.burmeseclassic.com



## နောက်ဆက်တွဲ- ၂

## ဘုန်းကြီးကျောင်းတွင် စားသောက်ခြင်း

ရဟန်းတော်များသည် လှူဒါယကာ၊ဒါယိကာမများကိုအစားအသောက်စွန့်ကြဲကျွေးမွေးရာတွင် မိဘ(၂)ပါး၊ ဝေယျာဝစ္စပြုလုပ်သူ၊ အငတ်ဘေးကြုံနေရသူ၊ ကျောင်းတွင် မမာမကျန်းဖြစ်နေသူ၊ ကျောင်းသားများ၊ ရှင်လောင်းများနှင့် အန္တရာယ်ပြုနိုင်သောလူဆိုးသူခိုးဓါးပြများ၊ မင်းစိုးရာဇာများကို ပေးကမ်းစွန့်ကြဲနိုင်ပါသည်။

ထိုသို့ကျွေးမွေးရာတွင် လူပုဂ္ဂိုလ်များအနေဖြင့်သတိပြုသင့်သည်မှာ သံဃာတော်များစားသုံးသောပန်းကန်ပြားများကို အသုံးပြု၍စားသုံးခြင်း လုံးဝမပြုအပ်ပါ။ ရဟန်းတော်များအနေဖြင့်ရှင်လောင်းမှတစ်ပါး မိဘများကိုပင် မိမိစားသောပန်းကန်နှင့်ထည့်၍ မကျွေးမွေးအပ်ပေ။

ရဟန်းတော်တို့၏ အသုံးအဆောင်များမှာ လူဝတ်ကြောင်တို့အတွက်စေတီအရာမှာတည်နေ၍ အလွယ်တကူယူငင်သုံးစွဲခြင်းမပြုသင့်ပါ။

လူပုဂ္ဂိုလ်များသည်ဘုန်းကြီးကျောင်းမှဆွမ်းကိုစားပြီးလျှင်လည်း ပန်းကန်များဆေးကြော၊ တံမြက်လှည်း၊ ရေဖြည့်စသောဝေယျာဝစ္စများကိုပြုလုပ်၍ လုပ်အားဒါနကုသိုလ်ကို ပြန်လည်ပြုလုပ်သင့်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဘုန်းကြီးကျောင်းတွင် ညအိပ်ခြင်း

ဓာမြီးဓာရုံဓာည်းရှိသောဘုန်းကြီးကျောင်းတွင် အမျိုးသားများသည် ရဟန်းတော်များနှင့်အတူတူ (သုံး)ညဥ့် ထက်ပို၍မအိပ်သင့်ပါ။ ရဟန်းတော်အတွက် သဟသေယျ အာပတ်သင့်ပါသည်။

၂ထပ်၊ ၃ထပ်ရှိသောကျောင်းများတွင် လှေခါးကိုအပြင် တွင်ထားလျှင်မူအထပ်ချင်းကွဲပြားသွား၍ အာပတ်မသင့် တော့ပါ။ လှေခါးကိုအတွင်း၌ထားလျှင်ကား တမိုးတရံတည်း ဟုသတ်မှတ်ပါသည်။

တမိုးတရံတည်းဟူရာ၌ ကျောင်းများသာမက ညအိပ် ခရီးသွားလာစဉ်အသုံးပြုသောဇရပ်၊ အိမ်၊ ကား၊ ရထား၊ သင်္ဘောများလည်းပါဝင်သည်။

အိပ်သည်ဆိုခြင်းမှာ ခေါင်းချ၍အိပ်စက်ခြင်းကိုသာ ဆိုလိုပြီး ထိုင်၍အိပ်ခြင်းနှင့် ခြေနှစ်ဖက်ကြမ်းပြင်တွင်ထိလျက် ကုလားထိုင်ပေါ်တွင်အိပ်လျှင်ကားအာပတ်မသင့်ပါ။ အပြစ် လွတ်ပါသည်။

ထို့အပြင် အရုဏ်တက်ပြီးသည်ထိမအိပ်ပဲအရုဏ် မတက်ခင်အိပ်ယာမှထနေလျှင်လည်း အာပတ်မသင့်ပါ။

ထို့ကြောင့် လူပုဂ္ဂိုလ်များကျောင်းကန်များတွင် အိပ်စက်ရ ပါက အရုဏ်မတက်ခင်အိပ်ယာထ၍ဝေယျာဝစ္စများပြုလုပ် ခြင်းသည်အသင့်လျော်ဆုံးဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မာတုဂါမ (မိန်းမ)များသည် ရဟန်းတော်အိပ်စက်သော ကျောင်းနှင့်တစ်မိုးတရံတည်းရှိသောနေရာတွင်အိပ်စက်ခြင်း ကိုတစ်ညဥ့်မျှပင်ပြုခွင့်မရှိပါ။ ညအိပ်ရန်ခေါင်းချရုံနှင့် ရဟန်းတော်မှာပါစိတ်အာပတ်သင့်ပါသည်။

အမျိုးသမီးများသည် ရဟန်းတော်များနှင့် အတူတကွ နှစ်ယောက်တည်းသွားလာနေထိုင်ခြင်း၊ ယှဉ်တွဲထိုင်ခြင်း၊ ရယ်မောပြောဆိုခြင်း၊ အင်္ကျီအဝတ်၊ ဆံစ၊ ကိုယ်ခန္ဓာတို့ကို ထိပါးပုတ်ခတ်ခြင်းစသော ရောနှောနေထိုင်ခြင်းများကိုလုံးဝ မပြုလုပ်အပ်ပါ။

ရဟန်းတော်၏ မြင့်မြတ်သောဘဝနှင့် ဖြူစင်သောစိတ်ကိုပျက်စီးစေ၍ သာသနာကိုဖျက်ဆီးရာရောက်ပါသည်။

အထူးသဖြင့် အမျိုးသမီးများသည် ရဟန်းတော်များ ကြွလာရာလမ်းပေါ်တွင် ဆံပင်ဖြန့်ခင်း၍နင်းစေကာကြိုဆိုခြင်းမျိုးကို လုံးဝမပြုလုပ်အပ်ပါ။

ရဟန်းတော်များသည် မာတုဂါမ၏ ဆံပင်ကိုနင်းမိ၊ ထိမိ၍သာယာမိလျှင်ပါရာဇိက၏အောက်၊ ဒုတိယအကြီးဆုံးဖြစ်သော **သံဃာဒိသိသ်အာပတ်သင့်သည်။**

ထို့အတူ အမျိုးသမီးများ၏ ဆံပင်ကိုဖြတ်၍လည်း ဘုရားထံမလှူကောင်းပါ။ သုံးဆယ့်နှစ်ကောဋ္ဌာသ အပုပ်ကောင်ခန္ဓာ၏ အစိတ်အပိုင်းမှန်သမျှ စက်ဆုတ်ဖွယ်ရာသာဖြစ်သည်။ သို့သော် ဆံပင်ကိုဖြတ်၍ ရောင်းချရရှိသောငွေဖြင့် လှူဖွယ်ဝတ္ထုများဝယ်ယူလှူဒါန်းလျှင်ကား အထူးမွန်မြတ်လှပေသည်။

www.burmeseclassic.com

www.burmeseclassic.com




## နောက်ဆက်တွဲ- ၃

# ကုလဒူသနအမှု။

ရဟန်းများသည် မိမိကိုချစ်ခင်၍ လှူချင်စိတ်ဖြစ်လာစေရန်ရည်ရွယ်၍ ပုံမှန်သဒ္ဓါတရားဖြင့် လှူဒါန်းနေသူကို ပန်းပေးခြင်း၊ သစ်သီးပေးခြင်း၊ ဆပ်ပြာပေးခြင်း၊ မြေညက်ပေးခြင်း၊ သစ်ဝါးပေးခြင်း၊ ဒန်ပူပေးခြင်း၊ လူတို့၏အမှုကိစ္စများတွင် ကူညီဆောင်ရွက်ခြင်း၊ ဆေးကုပေးခြင်းစသည့် ကိစ္စ(၈)မျိုးတို့ကို ပြုလုပ်လျှင်လာဘ်လာဘပို၍ရရန် မြူဆွယ်ဖြားယောင်းသောကုလဒူသနအမှုကို ပြုလုပ်ခြင်းမည်၏။

ပြန်လည်တုန့်ပြန်လှူဒါန်းမည့်အကျိုးကိုမမျှော်ကိုးပဲ အယုတ်အလတ်အမြတ်မရွေးလှူဒါန်းစွန့်ကြဲလိုသောသဒ္ဓါစိတ်ဖြင့်ပေးကမ်းလျှင်ကား ကုလဒူသနမမည်ပေ။ ကုသိုလ်အကျိုးသာဖြစ်ပေမည်။

<u>ထို့ကြောင့် လူပုဂ္ဂိုလ်များအနေဖြင့် သံဃာတော်များထံမှ ပစ္စည်းကို ရယူလိုခြင်း၊ တောင်းဆိုခြင်းများမပြုလုပ်အပ်ပေ။ လိုချင်သည့်အမှုအရာလည်းမပြသင့်ပေ။</u>



www.burmeseclassic.com

www.burmeseclassic.com



## မိစ္ဆာဇီဝ

ထို့အပြင် "ယုတ်ညံ့သောအသက်မွေးမှု" အဖြစ် ရဟန်းတော်များမပြုအပ်သော မိစ္ဆာဇီဝများကိုလည်း သတ်မှတ်ထားပါသည်။ ယင်းတို့မှာ ဗေဒင်ဟောခြင်း၊ ယတြာ ပြုလုပ်ပေးခြင်း၊ လာဘ်လာဘကိုမျှော်ကိုး၍ မြောက်ပင့်စကား ပြောဆိုခြင်း၊ ကလေးငယ်များကို ချီပိုးယုယခြင်းစသည်တို့မှာ ဒကာ၊ ဒကာမများသဘောကျ၍ လှူဒါန်းချင်စိတ်ပေါက်လာ အောင်ပြုလုပ်ခြင်းဖြစ်၍ ဝိနည်းတော်ကမပြုလုပ်ရန်တားမြစ် ထားပါသည်။

လှူဒါယကာများသည် အထက်ပါအချက်များကို သတိပြု၍ သဒ္ဓါတရားကိုညစ်နွမ်းစေသော ပုဂ္ဂိုလ်စွဲများကိုဖယ်ရှားကာ ရဟန်းတော်များအပြစ်သင့်စေသောအမှုများကို အားပေးသည့်သဘော မသက်ရောက်စေရန် ရှောင်ကြဉ်စောင့်ထိန်းရပေမည်။

ဘုန်းကြီးထံ ဗေဒင်မေးခြင်း၊ ဆေးကုစေခြင်း၊ ပစ္စည်းတောင်းခြင်း၊ လူမှုကိစ္စ၊ စီးပွားရေးကိစ္စ၊ အကူအညီတောင်းခြင်း၊ ပွဲစားလုပ်ခိုင်းခြင်း၊ ကလေးငယ်များကို ဘုန်းကြီးရင်ခွင်ပေါ်တင်ပေးခြင်း (ကလေးငယ်မှာ မိန်းကလေးဖြစ်လျှင် ရဟန်းမှာ ချက်ချင်းအာပတ်သင့်သည်။) ရွှေ၊ငွေ၊ပစ္စည်း အပ်နှံခြင်းများကို မပြုလုပ်သင့်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်များအနာရောဂါထူပြော၍ ဘုန်းကြီးထံ အပ်နှံလှူဒါန်းကာမေတ္တာခံယူနိုင်သော်လည်း စတိငွေကြေးဖြင့် ရောင်းဝယ်ခြင်းကိုမူမပြုအပ်ပါ။ ဘုန်းတော်ကြီးက ဒါယိကာ လောင်းအဖြစ်သတ်မှတ်ပြီး စွန့်ကြဲသောပစ္စည်းတစ်ခုခုကိုမူ ယူဆောင်နိုင်ပါသည်။

ထိုကဲ့သို့ ကုလဒူသနအမှုနှင့်မိစ္ဆာဇီဝတို့ဖြင့် ရရှိလာသော ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါးနှင့် အသုံး အဆောင်များကို ထိုရဟန်းနှင့်တကွသီတင်းသုံးဖော်ရဟန်းများ သည်သုံးစွဲခြင်းမပြုအပ်ပေ။သုံးစွဲသူတိုင်း၊ သုံးစွဲချိန်တိုင်း အပြစ်အာပတ်သင့်စေပါသည်။

ထိုသို့ပြုမူခဲ့ခြင်းကိုနောင်တရ၍ ဝိနည်းကံဖြင့်အာပတ် ဖြေကုစားပြီးကောင်းစွာနေစဉ်သော်ပင် ထိုလူပုဂ္ဂိုလ်များ၏အလှူကို လက်မခံရပေ။ သဒ္ဓါတရားအစစ်ဖြင့်ကြည်ညို၍လှူပါသည် ဟုဆိုမှ လက်ခံရပါမည်။

ထို့ကြောင့် သာသနာတော်ကို ဖြူစင်သန့်ရှင်းစွာ ချီးမြှောက်ထောက်ပံ့လိုသော ဥပါသကာကောင်းတို့သည် မြတ်စွာဘုရားရှင်၏ အမျှော်အမြင်ကြီးမားစွာဖြင့် သာသနာ တော်ရေရှည်ကြာမြင့်စွာတည်ရှိနိုင်ရေးအတွက် ချမှတ်ထား ခဲ့သော ဝိနည်းတော်စည်းကမ်းများကိုလေ့လာ၍ မိမိတို့ အလှူလည်း သန့်ရှင်းစင်ကြယ်ပြီး၊ ရဟန်းတော်များအတွက် လည်း ဝိနည်းအာပတ်အပြစ်သင့်ခြင်းမှကင်းဝေးစေရန် အတတ်နိုင်ဆုံးနည်းစနစ်တကျပံ့ပိုးကူညီဆောင်ရွက်သင့် ကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## နောက်ဆက်တွဲ- ၄

## မလှူဒါန်းအပ်သောအလှူဒါနများ

**သေရည်သေရက်အလှူ**

ဧည့်ခံပွဲများ၊ စားတော်ဆက်များ၊ အလှူမင်္ဂလာအခမ်းအနားများတွင် အရက်သေစာတိုက်ကျွေးဧည့်ခံခြင်းဖြင့်မည်သည့်ကုသိုလ်မှမရနိုင်ပဲ၊ အကုသိုလ်အပြစ်သာဖြစ်ပေလိမ့်မည်။

**မိန်းမ(ကာမရာဂ)အလှူ**

ကိလေသာထူပြောစေပြီး၊ တဏှာရာဂစိတ်ရိုင်းများတိုးပွားစေ၍ အကျိုးယုတ်စေသော အပြုအမူဖြစ်သည်။

**အငြိုးမှိန်၊ ဓာတ်၊ ပွဲလမ်းသဘင်အလှူ**

ကိလေသာစိတ်တိုးပွားလာအောင် ပြောဆို၊ ငိုရယ်၍ သရုပ်ဆောင်ရသောသဘင်ပွဲ ခင်းကျင်းလှူဒါန်းခြင်းဖြင့် မည်သည့်ကုသိုလ်မျှမရနိုင်ပေ။ သို့သော် ရတနာသုံးပါးကိုချီးကျူးပူဇော်သောဂီတ၊ တေးကဗျာ၊သီချင်းနှင့်သံဝေဉာဏ်ဖြစ်ပေါ်စေသောဓာတ်လမ်း၊ ဓာတ်ကွက်များကိုတင်ဆက်ခြင်းကား လောကရေးရာအရသင့်လျော်နိုင်ပေမည်။

**ကျွန်ယောကျ်ား၊ ကျွန်မိန်းမအလှူ**

လူသားအချင်းချင်း ကျေးကျွန်ပြုမှုသည် ရိုင်းစိုင်းသော အမူအကျင့်ဖြစ်ရာ လူ့အဆင့်အတန်းကို ခွဲခြားသော ဇာတ်ဝါဒစနစ်ကို တိုက်ဖျက်တော်မူခဲ့သည့် ဗုဒ္ဓရှင်တော်၏ သာသနာ

www.burmeseclassic.com

www.burmeseclassic.com


တော်တွင် ကျေးကျွန်အလှူကို အကုသိုလ်အမှုဟု သတ်မှတ်ပါသည်။

**တိရစ္ဆာန်၊ သား၊ ငါးအလှူ**

လူအများစားသုံးနိုင်ရန် တိရစ္ဆာန်တို့၏ အသားများကို လှူဒါန်းခြင်းသည် သတ္တဝါတို့အားသေကြေပျက်စီးစေသောကြောင့် လောကပါလမေတ္တာတရားနှင့်ဆန့်ကျင်သဖြင့် အကျိုးရှိသောအလှူမဟုတ်ပေ။

ထိုနည်းတူ ဆေးလိပ်၊ ကွမ်းယာ၊ အစရှိသော လူကိုအကျိုးမပေးသည့် ပစ္စည်းများလှူဒါန်းခြင်း၊ သမ္မာဒိဋ္ဌိ ဗုဒ္ဓအယူဝါဒမဟုတ်သောစာပေများ၊ အတွေးအခေါ်များ ရေးသားဟောပြော၍ ဓမ္မဒါနဟုဆိုကာလှူဒါန်းခြင်း၊ မြင်မြင် သမျှထူးခြားသည်ထင်ရသော ရုပ်တု၊ရုပ်ပုံများကိုပူဇော် လှူဒါန်းနေခြင်းများသည် သာသနာတော်နှင့်ဆန့်ကျင်သော အကျိုးမရှိသည့်အလှူများသာဖြစ်ပေသည်။

–ကျမ်းကိုး –

၁။ ဗုဒ္ဓဘာသာကောင်းတစ်ယောက် (သာသနာရေးဦးစီးဌာန)
၂။ ကပ္ပိယကောင်းတစ်ယောက်(သာသနာရေးဦးစီးဌာန)
၃။ ဘာသာရေးဆိုင်ရာပြဿနာများ(ရဝေနွယ်)
၄။ ရှင်သာမဏေဗိမ္မာန် ကပ္ပိယကာရကသင်တန်းမှတ်စုများ။

www.burmeseclassic.com

www.burmeseclassic.com


ဖနာက်ဆက်တွဲ- ၅

## အထွေထွေသတိပြုရန်

၁။ သံဃာတော်များကို ဆွမ်းလောင်းလှူရာတွင် ဆွမ်းကို အတုံးအခဲလိုက်မလောင်းရ၊ ချေမွ၍လှူပါ။ ဆွမ်းလောင်းစဉ် ဖိနပ်ချွတ်ထားပါ။

၂။ ဆွမ်းဆက်ကပ်ရာတွင်သံဃာတော်များအားလုံး မထိုင်မီ တစ်ပါးကိုဦးစွာပင့်၍ ဝိနည်းတော်နှင့်ညီညွတ်အောင် ကပ်လှူရမည်။

၃။ ဆွမ်းဘုဉ်းပေးရာတွင်သံဃာတော်များသည် အသားငါးများကို ကိုက်ဖဲ့ဆွဲငင်မစားအပ်၍ အလှူရှင်များသည် တစ်လုပ်စာသင့်လျော်ရုံ အတုံးငယ်များ ပိုင်းဖြတ်၍ ချက်ပြုတ်သင့်ပါသည်။

၄။ သံဃာတော်များမစားအပ်သောအသား- ၁၀မျိုးမှာ လူ၊ခွေး၊ မြင်း၊ဆင်၊သစ်၊ကျား၊ခြင်္သေ့၊ဝံ၊ အောင်း၊မြွေတို့ဖြစ်ပြီး ထိုသတ္တဝါတို့၏အရိုး၊အရေ အမွေးကိုပင်အသုံးမပြုအပ်ပါ။

၅။ သံဃာတော်များအတွက်ဆွမ်းဟင်းခွက်ချထားရာတွင်လက်တစ်လှမ်းမှီရုံနေရာများတွင်သာနေရာချထားရမည်။မမှီလောက်ပါကနှစ်ခွက်ခွဲ၍ စီမံသင့်ပါသည်။ ‘ကပ္ပိ’ရန်လိုသည့်စားဖွယ်များကိုလည်းသတိပြုစီစဉ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



၆။ သံဃာတော်များသည် မြေသပိတ်နှင့်သံသပိတ်ကိုသာသုံးစွဲခွင့်ရှိ၍ ခေတ်ပေါ်ပလပ်စတစ်သပိတ်၊ ကော်သပိတ်များနှင့် မလှူဒါန်းသင့်ပါ။

၇။ ပဲမှုန့်၊ဆီ စသည်တို့ပါဝင်သော ညဂျင်းသုပ် ကြက်သွန်သုပ်များကို မွန်းလွဲပြီးနောက်လုံးဝမကပ်လှူအပ်ပါ။ ဆေးဝါးအဖြစ် သုံးဆောင်လိုလျှင် ဂျင်းချည်းသက်သက်မှီဝဲနိုင်ပါသည်။

BURMESE CLASSIC

၈။ ဗုဒ္ဓသာသနာတော်တွင် ငွေဆွမ်းဟူ၍မရှိပါ။ သံဃာတော်ကို ငွေစက္ကူလှူဒါန်းခြင်းဖြင့် ထိုသံဃာတစ်ပါးသာပြစ်အာပတ်သင့်သော်လည်း ငွေအလှူခံ၍ ကျောင်းဆောက်လျှင် ထိုကျောင်းတွင်နေသမျှသံဃာအားလုံးအပြစ်အာပတ်သင့်ရ၍ ဝိနည်းတော်နှင့်ညီညွတ်စေရန်ဒကာ–ဒကာမများက အထူးသတိပြုရပါမည်။

၉။ အထူးသဖြင့် သာသနာတော်ကြီးဂုဏ်မတက် ပဲဂုဏ်ပျက်စေမည့်လုပ်ရပ်၊ အကျင့်စရိုက်များကို အားမပေးပဲ ပြုပြင်ရှောင်ရှားကာ သာသနာ့ဝန်ထမ်းရဟန်းသံဃာတော်များ၏ သီလ၊သိက္ခာဖြူစင်စေရေးအတွက် ကူညီပံ့ပိုးတော်မူကြပါရန် တိုက်တွန်းလိုက်ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com


# နိဂုံးချုပ်ဝိဓမ္မစာသဃေကာ
# (သာသနာတော်တွင်းပုဂ္ဂိုလ်သန့်ရှင်းရေး)

ယခုအခေတ်တွင် သာသနာတော်သန့်ရှင်းရေး ဟူ၍ ဝေါဟာရအားဖြင့်သုံးနှုန်းနေကြသော်လည်း အမှန်စင်စစ်တွင်မူ မြတ်ဗုဒ္ဓသာသနာတော်ကြီးမှာ မူလကပင်သန့်ရှင်းစင်ကြယ်ပြီးသော ဘုရားရှင်အဆုံးအမတရားတော်များသာဖြစ်ပါသည်။

ဗုဒ္ဓအဆုံးအမများကို ရဟန်းရှင်လူတို့လိုက်နာကျင့်သုံးကြမှသာ သာသနာတော်နှင့် ကြုံဆုံရကျိုးနပ်ပြီး သာသနာတော်ကြီးစည်ပင်ထွန်းကား ပြန့်ပွားနိုင်ပေမည်။ လိုက်နာကျင့်သုံးမှုအားနည်းသည်နှင့်အမျှ တရားစစ်တရားမှန်များ ညှိုးမှိန်ကွယ်ပျောက်ကာ မသူတော်ဝါဒများ ထင်ရှားအားကောင်းလာပေလိမ့်မည်။

ထို့ကြောင့် သန့်ရှင်းပြီးသာသနာတော်ကို ပြုပြင်ရန်မလို၊ သာသနာတော်တွင်းရှိ ပုဂ္ဂိုလ်များကိုသာ ဓမ္မနှင့်အညီနေထိုင်ကျင့်သုံးနိုင်ကြစေရန် စောင့်ရှောက်ဆောင်ရွက်ကြရပေမည်။ ယင်းသည်ပင် သာသနာပြုလုပ်ငန်းအတွက်ပထမဦးဆုံးပြုလုပ်ရမည့်လုပ်ငန်းစဉ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤစာအုပ်ငယ်ကို ပြုစုရာတွင် လောကီအမြင်၊ လူမှုရေးအမြင်များဖြင့် ရောထွေးယူဆနေကြသော အတွေးအခေါ်ထုံးစံမှားများဖက်သို့ ဘက်မလိုက်နိုင်ပဲ ပုဂ္ဂိုလ်မျက်နှာထက် သာသနာတော်မျက်နှာကိုသာ ကြည့်ကာ ထေရဝါဒမြတ်ဗုဒ္ဓအဆုံးအမများကမ္ဘာတည် သရွေ့ထွန်းကားထင်ရှားစေလိုသော စေဟနာတစ်ခုတည်းဖြင့် လူတိုင်းလွယ်ကူစွာလေ့လာသိရှိကျင့်သုံးနိုင်ရန် စီစဉ်ဖြန့်ချိလိုက်ခြင်းဖြစ်ပါသည်။

ဤစာအုပ်ငယ်ဖြစ်မြောက်ရေးအတွက် သြဝါဒပေးတော်မူကြသော ဆရာတော်၊ သံဃာတော်များနှင့် ဆွေးနွေးအကြံပေးကြသော ဒု–ဗိုလ်ချုပ်ကြီး မျိုးညွန့်(ငြိမ်း)၊ မင်္ဂလာဗျူဟာအသင်းဥက္ကဋ္ဌကြီး ဦးကြည်တွဲ၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကိုကိုမြိုင် (တက္ကသိုလ်သျှင်သီရိ)၊ ဒု–ဗိုလ်မှူးကြီးတင်စိုး(ငြိမ်း)၊ ဓမ္မဝီရဂျာနယ် ူစာပေတိုက်နှင့် ၊ အများ ပြည်သူကျယ်ပြန့်စွာသိရှိစေရန်အကျိုးဆောင်ပေးသည့် စာပေ၊ စာနယ်ဇင်းများ၊ ရုပ်မြင်ရိုက်ကူးရေးတာဝန်ရှိ သူများ အဖက်ဖက်မှကူညီပံ့ပိုးပေးကြသော ကလျာဏ မိတ်ဆွေများ၊အလှူရှင်များကို အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

ဓမ္မစက္က ဦးမောင်မောင်

(အပြည်ပြည်ဆိုင်ရာဓမ္မစက္ကမောင်အေးရှင်း)

www.burmeseclassic.com

www.burmeseclassic.com

# – ဓမ္မနိုးဆော်ဂျာ –

အပြည်ပြည်ဆိုင်ရာဓမ္မစက္ကဖောင်ဒေးရှင်း (IDF)သည် မြတ်ဗုဒ္ဓဒေသနာတော်များနှင့် လက်တွေ့တရားရှုမှတ်အားထုတ်နည်းများကို ပြည်တွင်းပြည်ပသို့ ၁၉၉၉ ခုနှစ်မှစတင်၍အခမဲ့ဖြန့်ဝေကာ တရားအလှူတော်လုပ်ငန်းကိုဆောင်ရွက်လျက်ရှိပါသည်။

BURMESE CLASSIC

ယခုအချိန်ထိ IDF နှင့်ဆက်သွယ်၍ဓမ္မစာစောင်များနှင့်ဓမ္မစာအုပ် များအလှူခံထားကြသည့်စာကြည့်တိုက်များ၊ အခမဲ့ဓမ္မစာပေအငှားဆိုင်(တရားအလှူတော်လုပ်ငန်း)များနှင့်ပရဟိတအဖွဲ့အစည်းပေါင်း ၃၅၀ကျော်ရှိပါသည်။ ထို့အတူ ဓမ္မဒါနစာစောင်များကို လက်ခံ၍ကျင့်သုံးအားထုတ်လိုသည့် IDF ကလျာဏမိတ်ဆွေအဖွဲ့ဝင်ပေါင်း (၁၀၀၀)ကျော် (၂၀၀၇ခုနှစ်၊ ဖေဖော်ဝါရီလထိ) ရှိကြပါသည်။

ထို့ကြောင့် အမှန်တကယ်လိုအပ်ပြီး (လက်တွေ့) ထိရောက်စွာအကျိုးရှိနိုင်သည့် အမွန်မြတ်ဆုံးဓမ္မဒါနအလှူတော်အတွက် ဓမ္မစာပေငွေပဒေသာပင်များစိုက်ထူကြပါရန် အလှူရှင်များကို ကြည်ညိုလေးစားစွာ ဖိတ်ခေါ်အပ်ပါသည်

> လူသားတစ်ဦးချင်းစီ၏အတွင်းစိတ်ငြိမ်းချမ်းရေးသည် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည်။
>
> – I.D.F ဆောင်ပုဒ် –

www.burmeseclassic.com